## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၄၅)

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်
၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်၊ အင်္ဂါနေ့


### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌ Ms. Mirjana Spoljaric Egger ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌ Ms. Mirjana Spoljaric Egger ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီအနေဖြင့် မြန်မာနိုင်ငံ၌

စာမျက်နှာ ၅ ကော်လံ ၁ ★




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၀ ရက်)

# ပျော်ရွှင်လန်းဆန်း ပြည်သူ့စစ်မှုထမ်း

မြန်မာနိုင်ငံ၏သမိုင်းကိုပြန်ပြောင်းလေ့လာတိုင်း အဓိကတွေ့ရှိရသည်မှာ ကာကွယ်ရေးအင်အားဖြစ်သည်။ ကာကွယ်ရေးအင်အားတောင့်တင်းခြင်းသည် နိုင်ငံတော်၏ဂုဏ်သိက္ခာမြင့်မားခြင်းပင်ဖြစ်သည်။ နိုင်ငံတော်တစ်ခု၏ဖွံ့ဖြိုးတိုးတက်မှုသည် ထိုနိုင်ငံ၏တည်ငြိမ်အေးချမ်းမှုနှင့်တရားဥပဒေစိုးမိုးမှုရှိသည့်အပေါ်တွင် များစွာမှီတည်သည်။ ထိုအရာများရှိနေစေရေးအတွက်လည်း ကာကွယ်ရေးကဏ္ဍသည် အဓိကကျလှသည်။ နိုင်ငံတော်ကာကွယ်ရေးသည် နိုင်ငံအတွင်းမှီတင်းနေထိုင်လျက်ရှိသည့် အရွယ်ရောက်သူမှန်သမျှ၏မွေးရာပါတာဝန်ဖြစ်သည်။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးမှုအတွေ့အကြုံရှိထားသည့်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်ကာကွယ်ရေးကို ပိုမိုအလေးထားလုပ်ဆောင်ရမည့်နိုင်ငံဖြစ်သည်။ "ပြည်ထောင်စုအမွေအမြဲတည်တံ့စေ"ဆိုသည့် နိုင်ငံတော်သီချင်းစာသားကဲ့သို့ပင် ဘိုးဘွားအမွေအနှစ်မို့တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်မှာ မျိုးဆက်တိုင်း၏မဖြစ်မနေဆောင်ရွက်ရမည့်တာဝန်ဖြစ်သည်။ ထိုတာဝန်အပေါ်ထမ်းဆောင်ရန်ပျက်ကွက်ပါက နိုင်ငံတော်၏အချုပ်အခြာအာဏာတို့ဆုံးရှုံးသွားမည့်အပြင် မိမိတို့ကိုးကွယ်ရာဘာသာတရား၊ ယဉ်ကျေးမှုတို့လည်းကွယ်ပျောက်သွားမည်ဖြစ်သည်။ နိုင်ငံတော်၏ကောင်းကျိုးကို ညီညာစွာထမ်းဆောင်ကြမှသာ မြန်မာနိုင်ငံသည် အဖိုးတန်မြေအဖြစ် ကမ္ဘာတွင်ဝင့်ကြွားစွာရပ်တည်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်နေထိုင်သည့် နိုင်ငံဖြစ်သည့်အတွက် တစည်းတလုံးတည်းရှိသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် မရှိမဖြစ်လိုအပ်လှသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိပါက အကွဲကွဲအပြားပြားဖြစ်နေပြီး နိုင်ငံတော်သည် မကြာမီအချိန်တွင် ပြိုကွဲသွားနိုင်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် နိုင်ငံသားအားလုံးအတွက် အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သဖြင့်ပြည်သူများအနေဖြင့်လည်း အဆိုပါဒို့တာဝန်အရေးသုံးပါးကိုအလေးအနက်ထားကာ ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူကြရမည်ဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျရာနေရာမှထမ်းဆောင်ရန်အတွက် တပ်မတော်သို့ဝင်ရောက်လာကြသူများသည် မည်သူတစ်ဦးတစ်ယောက်၏တိုက်တွန်းချက်မှမပါဘဲ မိမိတို့၏ကိုယ်ပိုင်ဆန္ဒသဘောထားများဖြင့် တပ်မတော်သို့ဝင်ရောက်ကာ စစ်မှုထမ်းနေကြသူများဖြစ်သည်။ အဆိုပါတပ်မတော်သားတို့၏စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ နိုင်ငံတော်အပေါ်သစ္စာစောင့်သိမှုတို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူ၍ တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ နိုင်ငံတကာတွင်ဖြစ်ပျက်နေသောအတွေ့အကြုံများအရ မျက်မှောက်ခေတ်စစ်ပွဲအသွင်သဏ္ဌာန်မှာ ဘက်စုံစစ်ပွဲအသွင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ အထူးသဖြင့် အင်အားကြီးနိုင်ငံများက အင်အားနည်းသည့်နိုင်ငံများအပေါ် ဘက်စုံစစ်ပွဲအသွင်ဆင်နွှဲလျက်ရှိသည်။

ဘက်စုံစစ်ပွဲအသွင်ဆိုသည်မှာ နိုင်ငံရေးနည်း၊ စီးပွားရေးနည်း၊ လူမှုရေးနည်း၊ သဘောတရားရေးနည်း၊ ဝါဒဖြန့်ချိရေးနည်း၊ သံတမန်ရေးနည်းနှင့် စစ်ရေးနည်းတို့ဖြစ်သည်။ ဘက်စုံစစ်ပွဲအသွင်သဏ္ဌာန်ဖြစ်ပေါ်လာသည့်အတွက် တိုင်းရင်းသားအားလုံး သို့မဟုတ် နိုင်ငံအတွင်းမှီတင်းနေထိုင်သူအားလုံးက အသိ၊ သတိရှိနေကြရမည်ဖြစ်သည်။ ထိုသို့အသိ၊ သတိရှိနေရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန်လိုအပ်လာနေပြီဖြစ်သည်။ အရွယ်ရောက်သူမှန်သမျှ နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် စစ်မှုထမ်းဆောင်ရမည်ဖြစ်ကြောင်း လွတ်လပ်ရေးမရမီကတည်းက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ပြောကြားထားပြီးဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေစတင်အာဏာသက်ဝင်ကြောင်းကြေညာခဲ့သည်။ ဥပဒေသတ်မှတ်ကြေညာလိုက်သည့်အခါ နိုင်ငံတော်အတွက် တိုင်းပြည်ချစ်သူလူငယ်လူရွယ်များအနေဖြင့် အထူးပင်နှစ်ခြိုက်သဘောကျခဲ့ကြသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင်လည်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သလို ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းများအနေဖြင့်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးအလိုက် မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်ကို တွေ့ရသည်မှာ ကြည်နူးဖွယ်ကောင်းလှသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေသည် လူငယ်မောင်မယ်တို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာခြင်းဖြစ်သည်ဟုဆိုနိုင်သည်။ အကျိုးခံစားခွင့်အားလုံးနီးပါးမှာ အမြဲတမ်းစစ်မှုထမ်းများနှင့်အလွန်အမင်းကွာခြားလှသည်မဟုတ်ပေ။ မိမိကိုယ်ကိုတန်ဖိုးထားသူတိုင်း၊ မိမိနိုင်ငံ၏တန်ဖိုးကိုမြှင့်တင်လိုသူတိုင်း ပြည်သူ့စစ်မှုထမ်းအဖြစ် စိတ်အားထက်သန်စွာစာရင်းပေးသွင်းလျက်ရှိကြသည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းများတက်ရောက်လျက်ရှိကြသည်။

မြန်မာနိုင်ငံ၏ တည်နေရာပထဝီအနေအထားအရသော်လည်းကောင်း၊ ကမ္ဘာ့အခြေအနေများအရသော်လည်းကောင်း မိမိတို့နိုင်ငံကို မိမိတို့ကာကွယ်ရမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန်တာဝန်ရှိနေပြီဖြစ်သည့်အတွက် စစ်ပညာသင်ကြားရန် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် နိုင်ငံတော်အစိုးရက ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းပေးထားသကဲ့သို့ လူငယ်များအနေဖြင့်လည်း ထိုတာဝန်များကို ကြည်ဖြူကျေနပ်စွာထမ်းဆောင်လျက်ရှိသည်မှာ အနာဂတ်နိုင်ငံတော်အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်၍ ပျော်ရွှင်လန်းဆန်းပြည်သူ့စစ်မှုထမ်းများအဖြစ် ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

**ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရန် (၂၀) ရက်သာ လိုတော့သည်။**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ စက်တင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဆည်ကုန်းကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို စက်တင်ဘာလ ၈ ရက်မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးချမ်းငြိမ်းဝင်း၊ ခရိုင်နှင့်မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ဆည်ကုန်းကျေးရွာ၌ အရှည် သုည/၆ ဒသမ ၈၂ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိသည့် မြေသားအလွှာခင်း၍ ရိစာဂျင်းမြေခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၆၅ ဒသမ ၁၅ သန်းနှင့်အဆိုပါကုန်ထုတ်လမ်းပေါ်တွင် Slab Culvert တစ်စင်းဆောက်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၅ သန်းဖြင့် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုနှစ်မေလစတုတ္ထအပတ်မှစ၍ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာကုန်ထုတ်လမ်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဆည်ကုန်းကျေးရွာအနီးရှိ မွှေကျေးရွာ၊ ဥယျာဉ်ကျေးရွာများမှကျေးလက်နေပြည်သူများ၏ စိုက်ပျိုးမြေဧက ၃၀၀ ခန့်နှင့် မွေးမြူရေးလုပ်ငန်း၊ အခြားထုတ်ကုန်၊ ထွက်ကုန်များအား ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်အတွင်းသို့ အချိန်မီဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၆၀၂)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့်ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရပိုက်ကျော်ခြင်းအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ



ရန်ကုန် စက်တင်ဘာ ၉

ထိုင်းနိုင်ငံတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ ၈ ရက်အထိကျင်းပခဲ့သည့် (၃၇)ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည့်အောင်ပွဲရပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ယနေ့ည ၁၀ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

အောင်ပွဲရမြန်မာအားကစားအဖွဲ့အား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်မိုး၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်း၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲထွဋ်တင်နှင့် ဒုတိယဥက္ကဋ္ဌများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ၊ မိဘဆွေမျိုးများနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ဝန်းရံခ**

# ဘိုကလေးမြို့နယ် ဆန်စက်လုပ်ငန်းရှင်များ အသင်းအနေဖြင့် ဆန်များအား ဈေးနှုန်း ချိုသာစွာ နေ့စဉ် ရောင်းချပေးလျက်ရှိ

ဘိုကလေး စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားမှုအရ မြို့နယ်ဆန်စက်လုပ်ငန်းရှင်များအသင်းအနေဖြင့် ပြည်သူများဈေးနှုန်းချိုသာစွာ ဆန်ရိက္ခာများဝယ်ယူစားသုံးနိုင်စေရန် ရည်ရွယ်၍ ဘိုကလေးမြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းရုံး၌ ဆန်များအား ဈေးနှုန်းချိုသာစွာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် ပေါ်ဆန်း၊ ခွဲနီ၊ ဧည့်မထဆန်တို့ကို ရောင်းချပေးခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ ပြည်သူများကလည်း နေ့စဉ်ဝယ်ယူအားပေးကြကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးချိန်တွင် ငှက်ပျော ၃၆၃ ဧက စိုက်ပျိုးပြီးစီး

လေရှီး စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးချိန်တွင် ငှက်ပျော ၃၆၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရသိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ငှက်ပျော ၃၆၃ ဧကစိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မြို့နယ်အလိုက် ငှက်ပျောစိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်၌ ၁၅၆ ဧက၊ ဆွမ္မရာမြို့၌ ၉ ဧက၊ လဟယ်မြို့နယ်၌ ၃၈ ဧက၊ ထန်ပါခွေမြို့၌ ၁၀ ဧက၊ နန်းယွန်းမြို့နယ်၌ ၅၈ ဧက၊ ဒုံဟီးမြို့၌ ၂၇ ဧကနှင့် ပန်ဆောင်မြို့၌ ၆၅ ဧက စုစုပေါင်း ၃၆၃ ဧကတို့ဖြစ်သည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးသီးနှံ ထုတ်လုပ်နိုင်ရေးအတွက် ဓာတုဆေး ဓာတ်ကြွင်းအန္တရာယ်ကို ဆွေးနွေးခြင်း၊ မှတ်ပုံတင်ထားသော ဓာတုပိုးသတ်ဆေးကို အညွှန်းစာပါသည့် နှုန်းထားအတိုင်း သုံးစွဲရန်ဆွေးနွေးခြင်း စသည့်စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ကွင်းဆင်းအသိပညာပေးခြင်းတို့ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၀၉)**

# (၁၀)ကြိမ်မြောက် အာရှဝူရှူးချန်ပီယံရှစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာဝူရှူးအားကစားအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ



ရန်ကုန် စက်တင်ဘာ ၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုအထူးအုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၉ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာရှဝူရှူးချန်ပီယံရှစ်ပြိုင်ပွဲ (10th Asian Wushu Championships) သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာဝူရှူးအားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြ ဒေါ်ဆွေဆွေသန့်၊ ဒုတိယညွှန်ကြားရေးမှူးနှင့် အားကစားသမားငါးဦးတို့သည် ယနေ့နံနက် ၇ နာရီ ၃၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၂၈၀၅ ဧက လျာထားစိုက်ပျိုးမည်


ပွင့်ဖြူ စက်တင်ဘာ ၉


မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၂၈၀၅ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် စိုက်ပျိုးစရိတ် အကုန်အကျသက်သာသည့်နေကြာစိုက်ပျိုးခြင်းကို မိုးရာသီနှင့်ဆောင်းရာသီတွင် အားထားစိုက်ပျိုးကြကြောင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်လည်း နေကြာ ၁၂၈၀၅ ဧကလျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"လာမယ့် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အနေနဲ့ ဆီထွက်သီးနှံနေကြာကို တစ်မြို့နယ်လုံး ၁၂၈၀၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်မှာပါ။ နေကြာစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ဒေသခံတောင်သူတွေကို လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်ရရှိစေဖို့၊ စိုက်ပျိုးနည်းစနစ်တွေ မှန်ကန်စေဖို့နဲ့ အထွက်နှုန်းတိုးတက်စေဖို့ ပံ့ပိုးကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာ ၁၂၈၀၅ ဧက၊ မြေပဲ ဧက ၂၉၃၀၊ နှမ်း ၁၂၁၄၂ ဧက ၊ ပန်းနှမ်း ၁၁၅ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၂၇၉၉၂ဧကလျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**





# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**''အဖေသည် မြေပုံမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်ကြား နောင်တော်ကြီး ပင်လယ်ကမ်းခြေပိုင်း အောက်ကျွန်းစဉ်နယ် တစ်နံတစ်လျားကို မုန်တိုင်းဝင်မွှေသွားပြီ ဟု သိလိုက်ရချိန်တွင် အမေနှင့်ညီလေး၊ ညီမလေးတို့ကိုတွေးပြီး အမ်းမြို့နယ် ဒါးလက်ချောင်းမှ ချက်ချင်းပဲ လှေလှော် ဆင်းလာခဲ့သည်. . .''**

**ယမန်နေ့မှအဆက်**

“ဟာ...ဟိုမှာ မေမေကြီး မေမေကြီးရေ...မေမေကြီးရေ သားတို့ ဒီမှာ ဒီမှာ”

“မေမေကြီး သားတို့ကို ကယ်ပါဦး”

“သမီးတို့ ဒီမှာ အမေ”

“ဟီး ဟီး ဟီး ဟီး”

“ဟင် … ဟာ … သားတို့၊ သမီးတို့ရေ ဟီး ဟီး ဟီး”

မိခင်နှင့်သားသမီးများ မသေလို့ ပြန်ဆုံကြရသောဘဝ။ ရင်တွင်းမှ လှိုက်မောသံများနှင့် ငိုရှိုက်သံများမှာ မိုးခိုကျောက်ဂူထဲတွင် ပဲ့တင်ထပ်နေပေတော့သည်။ သူတို့ ပြန်လည်ကွဲကွာသွားကြမည်ကို အလွန်အမင်းစိုးရိမ်သွားကြ၏။ သားသမီးများသည် မိခင်၏ရင်ခွင်တွင်းသို့ ဝင်ပြီး တင်းကျပ်စွာဖက်ထားလိုက်ကြသည်။

“မေမေဂျီး … တားတား ကြောက်တယ်”

အငယ်ဆုံး သုံးနှစ်သားလေးက သူ့အမေကိုပြေးဖက်ရင်း ပြောလိုက်၏။ အမေ့ရဲ့ရင်ထဲတွင် ဖြေမဆည်နိုင်ဖြစ်ကာ မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာပြန်သည်။ သားသမီးများ၏ကျောပြင်ကို လက်ကလေးဖြင့် အသာအယာပွတ်သပ်နေမိသည်။

“လိမ္မာလိုက်ကြတာ ကလေးတို့ရယ်၊ အမေဖြင့်လေ သားတို့၊ သမီးတို့ ကံကြမ္မာကိုတွေးပြီး ရင်ကွဲမတတ်ခံစားရပါတယ်ကွယ်၊ မုန်တိုင်းကိုတောင် မကြောက်အားဘဲ အမေ့သားသမီးတွေကို အမေမြေလှန်ရှာခဲ့တယ်လေကွယ်”

အမေနှင့်သားသမီးများ၏မျက်နှာပြင်များတွင် မျက်ရည်ကြည်လေးများ တွဲလဲခိုနေကြသည်။ အမေ့တစ်ကိုယ်လုံး နတ်ဝင်သည်မလို တခိုက်ခိုက်တုန်နေသည်။

“အမေ သိပ်ချမ်းနေပြီ၊ ရော့ ရော့ ဒီမှာ အဝတ်ထုပ်ကြီးပါလာတယ်”

သမီးမလှသိန်းသည် အဝတ်ထုပ်ကိုဖွင့်ပြီး အမေ့အဝတ်အစားများကို ရွေးပေးလိုက်သည်။

“လိမ္မာလိုက်တာ သမီးလေးရယ်၊ ဒီအဝတ်အစားတွေရော ဘယ်လိုရလာတာလဲကွယ်၊ အမေအံ့ဩလိုက်တာ”

အမေ့မှာ တုန်တုန်ယင်ယင်ဖြင့် အဝတ်အစားများကို လဲဝတ်လိုက်သည်။

“အမေရွာကိုသွားလို့ သိပ်တောင်မကြာလိုက်ဘူး၊ လေတွေအရမ်းတိုက်လာတယ်လေ။ တဲလည်း အရမ်းလှုပ်လာတယ်။ သမီးလည်းကြောက်စိတ်တွေဝင်လာတယ်။ ဒါကြောင့် လက်လှမ်းမီရာ အဝတ်တွေစုထည့်ပြီး ထုပ်စည်းလိုက်တယ်။ ပြီးတာနဲ့ချက်ချင်းပဲ မောင်နှမတွေ တစ်ယောက်လက်တစ်ယောက်ဆွဲပြီး ဒီကျောက်ဂူကြီးထဲပြေးလာကြတာပဲ အမေရယ်”

“သမီး ဒီကျောက်ဂူကြီးကို ဘယ်လိုလုပ် သိနေတာလဲဟင်”

“မကြာသေးပါဘူး အမေရယ်၊ ဟိုတစ်နေ့ကပဲ မောင်လေးနဲ့ ဒန့်ကျွဲရွက်လာခူးရင်း တွေ့ခဲ့တာပါ”

“လိမ္မာလိုက်တာ သမီးလေးရယ်။ သားတို့၊ သမီးတို့ အသက်အန္တရာယ်ကြီးကို ကိုယ့်အသိလေးနဲ့ ရှောင်တိမ်းနိုင်ခဲ့ကြတယ်နော်”

အမေ့မှာ လမ်းခရီးတွင် တွေ့ခဲ့ရသော ငှက်ငယ်မလေးသားအမိကို သတိရလိုက်မိသည်။

“ငါ ကောင်းမှုလုပ်ခဲ့လို့ ကောင်းကျိုးရတာပဲ။ ငှက်ငယ်လေးကို လုံခြုံအောင်လုပ်ခဲ့လို့ ငါ့သားသမီးတွေလုံခြုံရှာ၊ ဘေးကင်းရာရောက်လာခဲ့ကြတာပဲ”

ကောင်းမြတ်သော စေတသိက်ကလေးက အမေ့အသိရင်ပြင်တွင် စိုးမိုးနေရာယူလာသည်။

“အမေ့သားသမီးတွေ ကြက်မကြီးမရှိတဲ့ ကြက်ကလေးတွေလိုပဲ အန္တရာယ်ကို စုပြီးကာကွယ်ခဲ့ကြတာကိုး”

“အမေဖြင့်လေ … ”

အမေ့မှာ ဆက်ပြောနိုင်စွမ်းမရှိတော့။ ရင်ထဲတွင်တစ်ဆို့နေသည်။ မုန်တိုင်းက နည်းနည်းအားပျော့လာသလို ကမ္ဘာလောကကြီးကလည်း လင်းရောင်ခြည်များ သန်းလာပေပြီ။

● ● ● ● ● ● ●

အဖေသည် မြေပုံမြို့နယ်နှင့် ကျောက်ဖြူမြို့နယ်ကြား နောင်တော်ကြီး ပင်လယ်ကမ်းခြေပိုင်း အောက်ကျွန်းစဉ်နယ် တစ်နံတစ်လျားကို မုန်တိုင်းဝင်မွှေသွားပြီဟု သိလိုက်ရချိန်တွင် အမေနှင့် ညီလေး၊ ညီမလေးတို့ကိုတွေးပြီး အမ်းမြို့နယ် ဒါးလက်ချောင်းမှ ချက်ချင်းပဲ လှေလှော်ဆင်းလာခဲ့သည်။ လမ်းတစ်ဝက်အရောက်မှာ အမေ့ရွာ သရက်တောင်သို့ ရောက်လာသည်။ ကျွန်တော်သည်လည်း စာသင်ကြားရေးအတွက် စာအုပ်စာတမ်းရရှိရေးနဲ့ အမေ့ရွာသို့ရောက်နေပေရာ အောက်ကျွန်းစဉ်နယ်တွင် မုန်တိုင်းကြီးဝင်မွှေသွားသည့်အဖြစ်ကြောင့် အမေနှင့်ညီလေး၊ ညီမလေးဆီ အရမ်းပြန်ချင်နေသည်။ သည်အခြေအနေတွင် ရိုးမတောင်ခြေက အဖေရောက်လာခဲ့ရာ ကျွန်တော်နှင့်အတူ ငပေသုန်ကျွန်းသို့ လှော်ခတ်ဆင်းလာကြသည်။ နောက်တစ်နေ့ မွန်းလွဲပိုင်းလောက်တွင် ငပေသုန်ရွာသို့ရောက်သည်။ လှေဆိပ်သို့ရောက်လျှင်ပင် မုန်တိုင်းချေဖျက်ထားမှုကြောင့် ရွာပြင်ကမ်းခြေတစ်ခုလုံး မြင်မြင်သမျှ တောပြုန်းတောင်ပြုန်း အလုံးစုံ ပျက်စီးနေကြပေပြီ။ လှေကို ကြိုးချည်ပြီး သားအဖနှစ်ယောက် ရွာထဲသို့ ခပ်သွက်သွက်ဝင်လိုက်ကြသည်။ ထင်သည့်အတိုင်းပါပေ။ အမေနှင့်ကျွန်တော့်ညီမလေးနှင့်ညီလေးတွေကို ဘကြီးတို့အိမ်မှာပဲ တွေ့လိုက်ကြရသည်။ အဖေနှင့်ကျွန်တော့်မှာ အမေနှင့်ညီမလေး၊ ညီလေးတို့ကို သေကံမရောက်သက်မပျောက်ဘဲ ပြန်လည်တွေ့ဆုံကြရသည့် အဖြစ်မို့ နှမ်းလျှရင်အစုံ သက်သာရာရခဲ့ကြပေသည်။ အမေက မုန်တိုင်းထဲက အမေနှင့်သားသမီးများဖြစ်အင်ကိုပြောပြရာ မသေလို့တွေ့ကြရသည့်အဖြစ်ကို ပြန်တွေးပြီး ကျွန်တော်တို့မိသားစုတွေ ဆို့နင့်စွာခံစားကြရသည်။ အမေနှင့် သားသမီးတွေကတော့ ပြောရင်း မျက်ရည်ဝဲနေကြသည်။ အမေ့မှာ မုန်တိုင်းထဲတွင် ကွင်းပြင်ကိုသန်း တောင်တန်းကိုကျော် တောင်မော်ကိုဖြတ်ပြီး မရပ်မနား သားပျောက်ရှာခဲ့ရသော စိတ်ဒဏ်ရာ၊ ကိုယ်ဒဏ်ရာကြောင့် နုံးချွေပြီး အိပ်ရာထဲလဲနေပေပြီ။

ကျွန်တော်တို့မိသားစု ခိုအောင်းနေကြသည့် ဘကြီးတို့အိမ်မှာ ပြိုမလဲရုံတစ်မည်ပါပဲ။ ရွာလမ်းပေါ်သို့ ဦးညွတ်အလေးပြုနေပြီ။ ရွာထဲကအိမ်များလည်း အကောင်းပကတိဟူ၍ တစ်အိမ်တလေမျှမကျန် ခေါင်မိုးလန်၊ ထရံကွာ၊ ယိုင်လဲ၊ ပြားပြားဝပ် စသည်ဖြင့် အရုပ်ဆိုးအကျည်းတန်ပြီး မြင်မကောင်းရှုမကောင်းစွာ။ ရွာသူရွာသားများမှာ ပြန်လည်ထူထောင်ရေးအတွက် လုပ်ကြကိုင်ကြနဲ့ မြင်မြင်သမျှအပူမျက်နှာ။ ပြိုလဲပျက်စီးနေသော ကိုယ့်အိမ်ကိုယ့်ရာများကို နေထိုင်ရပ်တည်လို့ရအောင် အတတ်နိုင်ဆုံးကြိုးစားလုပ်ကိုင်နေကြသည်။ ကျွန်တော်တို့မှာ အမေ့ကိုပြုစုရင်း ဘကြီးတို့အိမ် ပြန်လည်ပြင်ဆင်ရေးကိုလည်း ဝိုင်းဝန်းကူညီကြသည်။

● ● ● ● ● ● ●

**ဆက်လက်ဖော်ပြပါမည်။**

## ပင်းတယမြို့နယ်၌ စီးပွားဖြစ်စိုက်ပျိုးသည့် နဂါးမောက်သီးများ အောင်မြင်ဖြစ်ထွန်း

ပင်းတယ စက်တင်ဘာ ၉

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ ဒေသခံပြည်သူများသည် စိုက်ပျိုးရေးကို အဓိကစီးပွားရေးအဖြစ် လုပ်ကိုင်ကြပြီး ဒေသနှင့်ကိုက်ညီသည့်သီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ စီးပွားဖြစ်စိုက်ပျိုးသည့် နဂါးမောက်သီးများ အောင်မြင်ဖြစ်ထွန်းပြီး နဂါးမောက်အနီသီးက နဂါးမောက်အဖြူသီးထက် ပို၍ဈေးရရှိကြောင်း သိရသည်။



ပင်းတယမြို့နယ် အနီးအနားကျေးရွာများ၌ နဂါးမောက်ပင်များကို ဧကအများအပြားစိုက်ပျိုးထားပြီး အော်ဂဲနစ်နဂါးမောက်စိုက်ခင်းများမှထွက်ရှိသည့် ထိုင်းနိုင်ငံမျိုးရင်း နဂါးမောက်တစ်ပင်လျှင် အလုံးရေ ၂၀ ကျော်ထွက်ရှိကြောင်း၊ နဂါးမောက်အနီသီးနှင့် နဂါးမောက်အဖြူသီး အလုံးအရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအသီးသီးရှိပြီး နဂါးမောက်အနီသီးက အဖြူသီးထက် ဈေးပိုရရှိကြောင်း သိရသည်။

နဂါးမောက်ပင်စိုက်ပျိုးရာတွင် သဘာဝမြေဩဇာဖြစ်သည့် ကြက်ချေး၊ နွားချေး၊ ဖွဲပြာများကိုသာ အသုံးပြုစိုက်ပျိုးကြပြီး စိုက်ပျိုးပြီးရှစ်လခန့်အကြာတွင် အသီးများဆွတ်ခူးနိုင်ပြီဖြစ်ကြောင်း သိရသည်။

ရဲထက်ဦး(ပင်းတယ)

## ရွှေကျင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ရွှေကျင် စက်တင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို စက်တင်ဘာလ ၉ ရက်တွင် ရွှေကျင်မြို့နယ်ရှိ အခြေခံပညာမူလတန်း (လွန်) ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်း (လွန်) ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်ထွေးက အဖွင့်အမှာစကားပြောကြားပြီး ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုအောင်က ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သူများဖြစ်လာစေရန်၊ သိသင့်သိထိုက်သည့်အကြောင်းအရာများကို သိရှိနိုင်ရေး ကျောင်းစာအပြင် ပြင်ပဗဟုသုတစာပေများကိုဖတ်ရှုကြရန်နှင့် လူကုန်ကူးမှု အန္တရာယ်များအကြောင်းကို အသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့်၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ❖ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအနေဖြင့် မြန်မာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အကူအညီလိုအပ်လျက်ရှိသည့် ပြည်သူများလက်ဝယ်သို့ လိုအပ်သည့်ကူညီထောက်ပံ့မှုများ အမှန်တကယ်ရောက်ရှိစေရေးနှင့် မသက်ဆိုင်သည့်အဖွဲ့အစည်းများထံသို့မရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး . . .

✯ ရှေ့ဖုံးမှအဆက်

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အကူအညီလိုအပ်လျက်ရှိသည့် ပြည်သူများလက်ဝယ်သို့ လိုအပ်သည့်ကူညီထောက်ပံ့မှုများ အမှန်တကယ်ရောက်ရှိစေရေးနှင့် မသက်ဆိုင်သည့် အဖွဲ့အစည်းများထံသို့ မရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (International Committee of the Red Cross – ICRC) ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး



နေပြည်တော် စက်တင်ဘာ ၉

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလောမြို့နယ်ပေါပဲကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ အမျိုးသမီးများအတွက် ဝင်ငွေတိုးရေးဆောင်ရွက်မည့်လုပ်ငန်းအဖြစ် သင်တန်းသူ ၁၀ ဦးဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိသော စက်ချုပ်သင်တန်းမှ သင်တန်းသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဒေသခံပြည်သူများနှင့် သင်တန်းသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကလောမြို့နယ် ဘော်နင်းကျေးရွာမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကလောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကတာဝန်ယူဆောင်ရွက်လျက်ရှိသော တောင်မြေခြား- မြောက်မြေခြား ကျေးရွာချင်းဆက်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘော်နင်းကျေးရွာအတွက် ခေတ်မီစံပြကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ တို့ကို ကျေးရွာကော်မတီဝင်များထံလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့်ကျေးရွာအတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် ကျေးရွာနှစ်ရွာအတွက် ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၃၀၀ တို့ကို သက်ဆိုင်ရာကျေးရွာကော်မတီဝင်များထံလည်းကောင်း လွှဲပြောင်းပေးအပ်ပြီး ကျေးရွာအတွင်းကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ဝင်ငွေတိုးစီမံကိန်းဖြင့် သင်တန်းဆင်းပြီး မိုးသောက်ကြယ်ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့နယ် ကျော့မောင်ငယ်ကျေးရွာ ကျေးရွာယာယီရှင်းလင်းဆောင်၌ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့်တွေ့ဆုံအမှာစကားပြောကြားပြီးဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မျိုးနှင့် သွင်းအားစုဓာတ်မြေဩဇာများကို အသင်းသားတောင်သူများထံလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မည့် ကွမ်းခြံအထက်ကျေးရွာနှင့် ကွမ်းခြံကျေးရွာတို့အတွက် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၆၀၀ ကို ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ထံလည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည့် ရွာသာရွာကျေးရွာအတွက် စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ ကို ကျေးရွာကော်မတီဝင်ထံလည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ကျင်းပသည့် (၉)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်ဆွေးနွေး






**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏အကြံပေးဖြစ်သူ ဖိုရမ်ကျင်းပရေးကော်မတီအမှုဆောင်အတွင်းရေးမှူး Mr. Anton Kobyakov ၏ဖိတ်ကြားမှုအရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ စက်တင်ဘာလ ၃ ရက်မှ ၆ ရက်အထိ ကျင်းပသည့် (၉) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် စက်တင်ဘာလ ၁ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Iskander Azizov နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါခရီးစဉ်တွင် ဒုတိယဝန်ကြီးချုပ်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှပြည်ထောင်စုဝန်ကြီးများ၊ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာထမ်းများလည်း အဖွဲ့ဝင်များအဖြစ်လိုက်ပါ၍ ဖိုရမ်သို့ပါဝင်တက်ရောက်ကြသည်။

အရှေ့ဖျားစီးပွားရေးဖိုရမ်ကို ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများအကြား ဆက်သွယ်မှုထူထောင်ရန်နှင့် မြှင့်တင်ရန်၊ ရုရှားအရှေ့ဖျားဒေသ၏ စီးပွားရေးအလားအလာများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် အထူးစီးပွားရေးဇုန်များရှိစီးပွားရေးအခြေအနေများကို သုံးသပ်ဆွေးနွေးရန်ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

စက်တင်ဘာလ ၃ ရက်က မြန်မာကိုယ်စားလှယ်အဖွဲ့သည်ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Sholban Valerievich KARA-OOL ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေသည့်အခြေအနေများ၊ နှစ်နိုင်ငံခရီးသွားများ ပိုမိုလည်ပတ်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

စက်တင်ဘာလ ၄ ရက် နံနက်ပိုင်းက ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov ခေါင်းဆောင်သော အဖွဲ့နှင့်တွေ့ဆုံပြီး စတုတ္ထအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင်အစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအရ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မြန်မာ-ရုရှား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးသည့် ခန်းမ၌ကျင်းပသည့် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍအတွက် အရေးကြီးသည့် ပူးပေါင်းဆောင် ရွက်မှုတစ်ရပ်ဖြစ်သည့် မြန်မာနိုင်ငံ၌ ရွက်ဖျန်းအားဆေးရည် ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ရေးနှင့်သက်ဆိုင်သည့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ (MoC) လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ရုရှားနိုင်ငံဘက်မှ သမ္မတ၏ အကြံပေး ရုရှားရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ဥက္ကဋ္ဌ Mr. Anton Kobyakov နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim Reshetnikov တို့ တက်ရောက်ကြသည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာအရ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့နှင့် Fund RC-Investments တို့အကြား ပထမအဆင့်အနေဖြင့် ရွက်ဖျန်းအားဆေးရည်ထုတ်လုပ်ခြင်းလုပ်ငန်းများကို လျာထားသည့်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် သဘာဝမြေဩဇာစက်ရုံတည်ဆောက်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြား ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အမျိုးသမီးသင်တန်းကျောင်းများအား သွားရောက်ကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုတစ်ခုဖြစ်သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

စကားဝိုင်းသို့ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက





သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းစဉ်များ၌ မျိုးဆက်သစ်လူငယ်များ၏ စွမ်းဆောင်ရည်ပြည့်ဝစွာ ပူးပေါင်းပါဝင်မှုသည် အရေးပါသည့်အတွက် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို **“Empowering the next generation for a resilient future” “အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့”** ဆိုသည့် ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အမျိုးသမီးလေးများသင်တန်းကျောင်း (မလိခ)သို့ ရောက်ရှိပြီး သင်တန်းကျောင်း၌ အမျိုးသမီးလေးများအား လက်ခံစောင့်ရှောက်ထားရှိမှု၊ သင်တန်းသူလေးများ ဘော်လီဘောအားကစားလေ့ကျင့်နေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ စာကြည့်တိုက်၊ အခြေခံပညာမူလတန်းကျောင်း၊ သက်မွေးသင်တန်းများဖြစ်သည့် စက်ချုပ်၊ လက်ကောက်၊ ဆွဲကြိုး၊ ပုတီးများပြုလုပ်ခြင်းနှင့် ဆံပင်အလှပြင် လေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါကျောင်းတွင်Grade 1မှတက္ကသိုလ်အထိ အတန်းပညာသင်ကြားနေသူ ၈၅ ဦး၊ ပြင်ပတွင်အလုပ်လုပ်ကိုင်နေသော အမျိုးသမီး ၁၃ ဦး၊ ကျောင်းတွင်း သက်မွေးပညာသင်ကြားမှုခံယူနေသူ ၃၀ ဦး စုစုပေါင်း ၁၂၈ ဦးကို လက်ခံစောင့်ရှောက်ပေးလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၌ ကျောင်းအုပ်၊ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး စောင့်ရှောက်ထားသော အမျိုးသမီးများကို အကျင့်စာရိတ္တပြုပြင်ပေးခြင်းအပြင် ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များဖိတ်ခေါ်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးရန်နှင့် သင်တန်းသူများ နေရပ်ပြန်ပါက ပြန်လည်အသုံးချနိုင်မည့် ထိရောက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားပေးရန် မှာကြားကာ သက်မွေးသင်တန်းအခန်း၊ အိပ်ဆောင်၊ စားဖိုဆောင်နှင့် ထမင်းစားခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြစ်မှုရင်ဆိုင်ဆဲ ကျောင်းသူများ၊ အကြမ်းဖက်ခံရသောအမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် စင်တာ (One Stop Women Support Center-OSWSC)မှ အမျိုးသမီးများနှင့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ရန်ကုန်အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတွင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် ပြစ်မှုရင်ဆိုင်ဆဲကျောင်းသူ ၁၂ ဦး၊ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် အုပ်ထိန်းသူမဲ့ကျောင်းသူ ၂၂ ဦး၊ OSWSC တွင် ၁၀ ဦး စုစုပေါင်း ကျောင်းသူ ၄၄ ဦးကို စောင့်ရှောက်လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။ (၅၀၀)

# ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကျင်းပ



**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်း စင်တာ(MCC)၌ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ နှင့် ကျောင်းသား၊ ကျောင်းသူများက (၂၅) ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား ဂုဏ်ပြုသည့် "ငွေရတုတိုင်၊ ရွှေဆုပိုင်သည့်၊ တိုင်းရန်ကုန်" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ခရိုင်အလိုက်ပြိုင်ပွဲယှဉ်ပြိုင်ခဲ့ကြသည့်မှတ်တမ်း Video Clip အား ပြသသည်။

၎င်းနောက်ပြိုင်ပွဲအားရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အဆို၊ အက ၊ အရေး၊ အတီးပြိုင်ပွဲများ၏ ဘာသာရပ်အလိုက် အကဲဖြတ်ပညာရှင်များနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် (ရုပ်သေးနှင့်လူနှစ်ပါးသွားအက) စင်တော်ပြိုင်အကဖြင့်လည်းကောင်း၊ အဆို၊ အကများဖြင့်လည်းကောင်း၊ အင်းဝခေတ်ယိမ်းအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ဖျော်ဖြေကြသောအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဘာသာရပ်အလိုက် ဒိုင်အဖွဲ့ဝင်များဖြစ်သည့် အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# AYA Pay Futsal Championship 2024 ပြိုင်ပွဲတွင် MIU FC အသင်းချန်ပီယံဆုဆွတ်ခူး

**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပသည့် AYA Pay Futsal Championship 2024 ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ယနေ့ညနေပိုင်းက MFF Futsal Stadium ၌ ကျင်းပခဲ့ရာ MIU FC က Winner Soccer FC အသင်းကို ၅ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

AYA Pay Futsal Championship 2024 ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အပြီး ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ စတုတ္ထဆုရရှိသော Pyae Sone FC အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က ဆုကြေးငွေကျပ် ၁၅ သိန်းကိုလည်းကောင်း၊ တတိယဆုရရှိသော VUC FC အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်အောင်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် ၂၅ သိန်းကိုလည်းကောင်း၊ ဒုတိယဆုရရှိသော Winner Soccer FC အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင် ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်က တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပထမဆုရရှိခဲ့သော MIU FC အသင်းကို ဖူဆယ်နှင့် သဲသောင်ပြင်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက တစ်ဦးချင်းဆုများနှင့် ဆုကြေးငွေကျပ် ၇၅ သိန်းကိုလည်းကောင်း၊ ချန်ပီယံဆုဖလားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေကလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**




# မင်းလှမြို့နယ်၌ ချည်မျှင်ရှည်ဝါသီးနှံများ ဧက ၈၀၀ ခန့်စိုက်ပျိုးထားရှိ

**မင်းလှ စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်အတွင်းရှိ ပန်းတော်ပြင်၊ ရေခါး၊ ကုန်းကြီး၊ တောင်ဦး၊ လယ်လှ နှင့် ဒေါင်းဘုတ် စသည့်ကျေးရွာတို့၌ ချည်မျှင်ရှည်ဝါသီးနှံကို သြဂုတ်လ တတိယပတ်မှစတင်၍ စိုက်ပျိုးလျက်ရှိပြီး စိုက်ဧက ၈၀၀ ခန့်စိုက်ပျိုးထားရှိကြောင်း သိရသည်။

ချည်မျှင်ရှည်ဝါမျိုးအနေဖြင့် ဝါအထွက်နှုန်းနှင့် ဝါဂွမ်းအရည်အသွေးကောင်းမွန်သည့် ရွှေတောင်-၈ နှင့် ရွှေတောင်-၁၀ မျိုးများကို စိုက်ပျိုးကြပြီး ရွှေတောင်-၁၀ မျိုးကို အများဆုံး စိုက်ပျိုးကြသည်။ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ၍ အစေ့ချစနစ်ဖြင့်လည်းကောင်း၊ ကြဲပက်စနစ်ဖြင့်လည်းကောင်း စိုက်ပျိုးကြပြီး ဝါမျိုးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဖြင့် ဝယ်ယူရ၍ တစ်ဧကလျှင် မျိုးစေ့ ၇ ပိဿာခန့်စိုက်ပျိုးရပြီး စိုက်ပျိုးပြီး ရက်ပေါင်း ၁၂၀ ကျော် အကြာတွင် ဝါသီးနှံများကို ခူးဆွတ်နိုင်ကြောင်း သိရသည်။

စိုက်ပျိုးမှုအတွက် တစ်ဧကလျှင် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်အားခအပါအဝင်စုစုပေါင်းငွေကျပ်၃၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင်ဝါပိဿာချိန် ၅၀၀ ကျော်ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀-၃၂၀၀ ဖြင့် ရောင်းချရသည်။ ဝါသီးနှံသည် ရာသီဥတုအပေါ်မူတည်၍ အထွက်နှုန်းကွာခြားချက်ရှိပြီး ယခင်နှစ်က မင်းလှမြို့နယ်၌ ရာသီဥတုအခြေအနေကြောင့် ဝါသီးနှံအထွက်နှုန်း လျော့နည်းခဲ့သော်လည်း ဈေးကောင်းရရှိသောကြောင့် ဝါစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်များရရှိခဲ့သည်။ ဈေးကွက်အနေဖြင့် မင်းလှမြို့ရှိ ဝါပွဲရုံများသို့ တင်ပို့ရောင်းချပြီး ယခုနှစ်တွင်လည်း အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း ဝါစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**ဇော်မျိုး(မြဝတီ)**

# စစ်တောင်းမြစ်ရေ၊ မယ်ဆိုင်ချောင်းရေနှင့် သောင်ရင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၉**

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ(၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော် (၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာအုပ်စု)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၂ ဒသမ ၈၀ ပေ(၃၉၀ စင်တီမီတာ)အထက်သို့ ၃ လက်မခန့် (၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ)အောက် ၄ ပေကျော် (၁၂၈ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ တာချီလိတ်မြို့နှင့် မြဝတီမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အစာအိမ်ရောဂါ ဆန်ပြုတ်သောက်ပြီးကုပါ

အစာအိမ်ရောဂါသည် အလုပ်များသူနှင့်စိတ်တိုလွယ်သူများတွင် အဖြစ်များသော ရောဂါဖြစ်သည်။ အစာအိမ်သည် စိတ်နှင့်ဆက်နွှယ်နေသည်ဟု အဆိုရှိသည်။

အစာအိမ်ရောဂါဝေဒနာသည် ကျေးလက်ဒေသများတွင် အဖြစ်နည်းပြီး မြို့ကြီးပြကြီး လူနေထူထပ်သည့်နေရာ၌ နေထိုင်ရသူများတွင် ပို၍အဖြစ်များသည်။ စိတ်ရှုပ်၊ အစားမမှန်၊ အအိပ်မမှန်သူများတွင် အစာအိမ်ရောဂါဖြစ်လေ့ရှိသည်။

အစာမကြေခြင်းကြောင့် အစာအိမ်ကို ရောင်ရမ်းစေပြီး ဗိုက်နာခြင်း၊ အော့အန်ခြင်း၊ လေထိုးလေအောင့်ဖြစ်ခြင်းတို့ ခံစားရပြီးနောက် ဝမ်းချုပ်ခြင်း၊ စမြင်းခံခြင်း၊ ဝမ်းပျက်၊ ဝမ်းကိုက်ဖြစ်ခြင်းများ ဆက်တိုက်ဖြစ်လာနိုင်သည်။

ဝမ်းမကောင်းလျှင် ခေါင်းအုံ၊ ခေါင်းကိုက်ခြင်းနှင့် နောက်ကျောတက်ခြင်း၊ ဇက်ကြောထိုးခြင်းများ ဖြစ်လာသည်။

တချို့က အစာအိမ်ရောဂါကို လေရောဂါဟု ပြောကြသည်။ ယင်းမှာ မှန်ကန်မှုမရှိပါ။ အစာမကြေ၍ လေဖြစ်လာရခြင်းဖြစ်သည်။ လေထိုး၍ နာခြင်းမဟုတ်၊ အစာအိမ်ရောင်၍နာခြင်း၊ အစာအိမ်တွင် အနာဖြစ်၍နာခြင်းဖြစ်သည်။

အစာအိမ်မကောင်းသူသည် ကောက်ညှင်း၊ ဆန်စေးစသောကြေညက်ရန်ခက်ခဲသည့်အစာများစားမိလျှင် အစာအိမ်နှင့် ဝမ်းဗိုက်အတွင်း ကြွက်သားများတောင့်တင်းပြီး ဗိုက်နာလာတတ်သည်။ ဝမ်းဗိုက်ကြွက်တက်ပြီးအန်လျှင် စားထားသောအစာများ ပြန်ထွက်လာတတ်သည်။

အစာအိမ်တွင် အနာရှိသူများမှာ မာကျောပြီး စားလိုက်လျှင် အစအန လေးများဖြစ်သွားနိုင်သည့် အစာမျိုးမစားသင့်ပေ။ ဥပမာ-ပဲကြော်၊ ဗယာကြော်၊ မြေပဲလှော်၊ နှမ်း၊ ငါးလေးကြော် စသည့် အစာများကို သွားနှင့်ကြိတ်ခြေလိုက်သောအခါ အစအနများအဖြစ် အစာအိမ်အတွင်းသို့ ရောက်သွားသည်။

အစာအိမ်နံရံမှ အနာငယ်လေးများမှာ ကျောက်ပေါက်ကဲ့သို့ ချိုင့်ကလေးများရှိနေသည်။ ယင်းချိုင့်လေးများသည် အသားနုမတက်မီ အနာလေးများနှင့်တူသည်။ အကြော်အလှော်အစအနလေးများ အနာတွင် ကပ်ငြိပြီး စူးသောအခါ ရင်ထဲမှာပူပြီး ဗိုက်နာလာခြင်းဖြစ်သည်။

အစာခြေရည်တွင် အက်စစ်ဓာတ်များလျှင်လည်း ယင်းအနာလေးများတွင် လောင်ပြီး ဗိုက်ထိုးအောင့်တတ်သည်။ စိတ်တိုလွယ်သူများတွင် အစာမရှိဘဲ အစာအိမ်တွင် အက်စစ်ထွက်ပြီး ပြန်လောင်ကာ ဗိုက်အောင့်တတ်သည်။

> **"ဆန်ပြုတ်သည် ကစီဓာတ်ဖြစ်ပြီး အစာအိမ်အရောင်ကျစေသည်သာမက စွဲစွဲမြဲမြဲသောက်လျှင် အစာအိမ်မှ အနာငယ်များကိုလည်း ကျက်စေနိုင်သည်။ ထမင်းစားရသကဲ့သို့ တင်းတိမ်မည်မဟုတ်သော်လည်း အားမပြတ်စေရန် ဆန်ပြုတ်ကို ကြေညက်အောင်ပြုတ်ပြီး တစ်ရက်လျှင် လေးကြိမ်၊ ငါးကြိမ်သောက်ပေးသင့်သည်. . ."**

ရှေးက တိုင်းရင်းဆေးသမားတော်ကြီးများသည် အစာအိမ်ရောဂါကို ဆေးမပေးဘဲ ဓာတ်စာဖြင့်သာ ကုသလေ့ရှိသည်။ အစာအိမ်ရောဂါအတွက် ဆေးမရှိ၊ ဓာတ်စာ(အစာ)ဖြင့်သာ ကုရမည်ဟု ဆိုသည်။

အစာလည်းဆေး၊ ဆေးလည်းအစာဟု ဆိုကြသည်။ ဆရာကြီးများပေးသော အစာအိမ်အတွက်ဆေး(အစာ)မှာ ဆန်ပြုတ်အမျိုးမျိုးသာဖြစ်ကြောင်း တွေ့ရသည်။

ဆန်ပြုတ်နှင့်ပတ်သက်၍ စာရေးသူ၏ဖခင်သည် နယ်သတင်းထောက်တစ်ဦးဖြစ်သည်။ သတင်းနောက်လိုက်နေရလျှင် စားချိန်မှန်းမသိ။ လက်ဖက်ရည်တစ်ခွက်နှင့် တစ်နေကုန်နေလေ့ရှိသည်။

ကင်မရာတစ်လုံးပခုံးလွယ်လျက် နံနက်စာ၊ ညစာပေါင်းစားခဲ့သော ရက်များလာသောအခါ အစာအိမ်နာရောဂါဖြစ်တော့သည်။

အစာအိမ်နာလာလျှင် စားဆော်ဒါလက်တစ်ခုပ်ကို ရေတစ်မှုတ်နှင့်သောက်ပြီး သတင်းနောက် ဆက်လိုက်နှင့် ပေပေတေတေနေခဲ့ရာ ဆေးရုံတက်ရမည့်အခြေအနေသို့ ရောက်ခဲ့သည်။

စာရေးသူတို့နေထိုင်ရာ ဥက္ကံမြို့လေး၌ ဆေးရုံမရှိ၊ ရန်ကုန်ဆေးရုံကြီးနှင့်လည်း မိုင် ၆၀ ကျော်ဝေးသဖြင့် တော်ရုံနှင့်သွားပြရန်မလွယ်။ ထို့ကြောင့်လည်း ဖခင်ကြီးသည် အရပ်သုံးဆေးမြီးတို၊ စားဆော်ဒါနှင့် ပေ၍နေခြင်းဖြစ်သည်။

စာရေးသူ၏ဖခင်ကို မိခင်ကြီးက ထမင်းမကျွေးတော့ဘဲ နံနက်၊ည ဆန်ပြုတ်ပြောင်းတိုက်သည်။

ငါးကိုပြုတ် အသားနွှင်ပြီး ဆန်ပြုတ်တွင် ထည့်ပြုတ်သည်။ ဆန်ပြုတ်ကိုလည်း ကြေနေအောင် ပြုတ်ရင်းခြေပေးသည်။ ကြေညက်နေမှတိုက်သည်။

တစ်ပတ်ခန့် ဆန်ပြုတ်သောက်သောအခါ အစာအိမ်နာမှာ သက်သာလာသည်။ ထိုအခါမှ ငါးကြော်၊ ကြက်သားကြော် အနည်းငယ်ကျွေးသည်။

တစ်လခန့်ကြာသည်အထိ အစပ်ပါသောဟင်းများကို မကျွေးခဲ့။ ဤသို့ဖြင့် အစာအိမ်နာ သက်သာပျောက်ကင်းခဲ့လေသည်။

စာရေးသူကိုယ်တိုင်လည်း ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင် ရင်ညွန့်မှပူအောင့်ပြီး အစာမရှိလျှင်လည်းနာ၊ အစာစားပြီးလည်းနာနှင့် အစာအိမ်ရောဂါဖြစ်ခဲ့ဖူးသည်။

ဆရာဝန်ကြီးများထံ သွားရောက်ပြသသောအခါ အစာအိမ်အူသိမ်ဦးပိုင်းအနာ DU (Duodenal Ulcer) ဖြစ်ကြောင်း သိရသည်။ အစာအိမ်ဆေးမျိုးစုံသောက်ခဲ့ရပြီး နောက်ဆုံးတွင် ဖခင်ကြီးကဲ့သို့ပင် ဆန်ပြုတ်ပြောင်းသောက်မှ သက်သာခဲ့သည်။

ဆန်ပြုတ်သည် ကစီဓာတ်ဖြစ်ပြီး အစာအိမ်အရောင်ကျစေသည်သာမက စွဲစွဲမြဲမြဲသောက်လျှင် အစာအိမ်မှ အနာငယ်များကိုလည်း ကျက်စေနိုင်သည်။ ထမင်းစားရသကဲ့သို့ တင်းတိမ်မည်မဟုတ်သော်လည်း အားမပြတ်စေရန် ဆန်ပြုတ်ကို ကြေညက်အောင်ပြုတ်ပြီး တစ်ရက်လျှင် လေးကြိမ်၊ ငါးကြိမ်သောက်ပေးသင့်သည်။

သက်ကြီးရွယ်အိုများတွင် အစာခြေအား၊ ဝမ်းမီးအားနည်းသွားသောအခါ နွားနို့နှင့်ဆန်ပြုတ်ရော၍ ယာဂုပြုလုပ်၍ နံနက်စောစောတိုက်ပေးလျှင် အားပြည့်ပြီး နောက်စားမည့်အစာများကို ကြေညက်စေသည်ဟုဆိုသည်။

တုပ်ကွေးဖျား၊ နာလန်ထအစားပျက်နေသူများကို အားပြည့်စေရန် ကြက်သားဆန်ပြုတ်၊ ဘဲသားဆန်ပြုတ်ပူပူလေးတွင် ငရုတ်ကောင်းမှုန့် အနည်းငယ်ထည့်ပြီး တိုက်လျှင် ခံတွင်းကောင်းစေသည်။

ဝမ်းလျှော၊ ဝမ်းပျက်၊ ဝမ်းကိုက်သူများအတွက်ဆိုလျှင် ဆန်ပြုတ်ကို ရေခန်းအောင် ကော်ကဲ့သို့ ခပ်ပျစ်ပျစ်ကျိုပြီး ထန်းလျက်ရည်ဆမ်း ဆားအနည်းငယ်ထည့်၍တိုက်လျှင် သက်သာပြီး အားဖြစ်စေသည်။

အစာစားပြီးတိုင်း အော့အန်သူများကို ဆန်မှုန့်ထောင်း၍ ခပ်ပျစ်ပျစ်ကျိုသည့်အထဲတွင် နို့မှုန့်နှင့်သကြားအနည်းငယ်ထည့်တိုက်လျှင် အစာကြေပြီး အအန်သက်သာစေသည်။

လေချဉ်တက်သူ၊ လေအန်သူများကို ဆန်ကွဲလက်တစ်ဆုပ်လှော်ပြီး နှမ်းဆီအနည်းငယ်၊ ဆားအနည်းငယ်၊ ရေမတ်ခွက်နှစ်ခွက်ထည့်၊ ကြက်သွန်နီ အနေတော်နှစ်ဥအခွံနွှာထည့်ပြီး ရောပြုတ်ပါ။ ရေတစ်ခွက်စာကျန်သည်အထိ ပြုတ်လျှင် ကြက်သွန်နီဥလည်း နူးပြီဖြစ်သည်။

ကြက်သွန်မှ ထွက်သောအရည်ကြောင့် ဆန်ပြုတ်မှာ အဝါရောင်သန်းနေမည်။ ယင်းဆန်ပြုတ်ကို ညနေစောင်းအချိန်တိုင်း ခုနစ်ရက်ခန့်တိုက်ပေးလျှင် လေနာ အမြစ်ပြတ်သည်ဟု ဆိုသည်။

အိပ်ရာထဲလဲနေသူ၊ အစားမဝင်သူ၊ လေဖြတ်ထားသူ၊ ဆေးရုံပေါ်တွင် အစာကို ပိုက်မှသွင်းရသူများအတွက် အားဖြစ်စေသောဆန်ပြုတ်မှာ ဆန်ကြမ်းလက်တစ်ဆုပ်တွင် ပဲရာဇာ(ပဲနီလေး)လက်တစ်ဆုပ်ရောပြုတ်ပါ။

ပဲရာဇာသည် အလွန်ကြေကျက်လွယ်သည်။ အကြောအခြင်များကို အားရှိစေပြီး လေဖြတ်ဝေဒနာသည်များနှင့် သင့်လျော်သည်။ အကြောပျော့သော ကလေးငယ်များကိုလည်း ပဲရာဇာ ဆန်ပြုတ်တိုက်ပေးသင့်သည်။

မှိုဆန်ပြုတ်ကို ဥရောပအစားအသောက်ဆိုင်ကြီးများနှင့် အဆင့်မြင့်ဟိုတယ်များတွင် တွေ့ရသည်။ ဟိုတယ်မီနူးများတွင် Mushroom Soup ဟု ရေးသားထားသည်ကို တွေ့ရသည်။

မှိုအမျိုးမျိုးတို့သည် ကိုယ်ခံအားကို မြှင့်တင်ပေးသည်။ မှိုဆန်ပြုတ်သောက်လျှင် ကိုယ်ခံအားကို တိုးစေနိုင်သည်။

အစာမစားမီ ဗိုက်ဆာစေရန်၊ အစာအိမ်မှလေရှင်းရန် ကြိုတင်သောက်ပေးခြင်းဖြင့် အစာစားချင်စိတ်ဖြစ်ပေါ်စေသည်ဟုဆိုသည်။ အစာမကြေရောဂါရှိသူများမှာ ဆန်ပြုတ်ကို အစာစားပြီးမှ သောက်သင့်သည်။

ငါးရံ့ဆန်ပြုတ်ဟင်းသည် မြန်မာတို့အကြိုက်ဟင်းလျာဖြစ်သည်။

ငါးရံ့ကို ဆန်လှော်၊ စပါးလင်၊ ချင်းတို့ဖြင့် မွှေးကြိုင်အောင်ပြုတ်ပေးခြင်းဖြင့် ခံတွင်းတွေ့ပြီး နှုတ်ကိုမြိန်စေသည်။

စပါးလင်နှင့်ချင်းသည် ဝမ်းမီးကို တောက်စေသည်။ အစာကို ကြေစေနိုင်သည်။

အဆီချလိုသူ၊ ဝိတ်ချလိုသူများမှာ ညစာမစားဘဲ ညအိပ်ရာဝင်ချိန်တွင် ဆန်ပြုတ်တစ်ခွက်သောက်သင့်သည်။ ညစာလုံးဝရှောင်လျှင် လေပွပြီး ညအိပ်မပျော်ဖြစ်နိုင်သဖြင့် ဆန်ပြုတ်သောက်ပေးခြင်းဖြင့် အိပ်ပျော်စေနိုင်သည်။

ဆရာဝန်ကြီးများအဆိုအရ အစာအိမ်အူသိမ်ဦးပိုင်းအနာ DU(Duodenal Ulcer) ရှိသူများပင် အဆီ၊ အသားများရှောင်ပြီး ဆန်ပြုတ်သောက်လျှင် ရင်ပူအောင့်နာ ပျောက်ကင်းနိုင်သည်။

သက်ကြီးရွယ်အို အစာကြေကျက်မှုအားနည်းသည့်အရွယ်တွင် နံနက်စောစောအစာကို ဆန်ပြုတ်ကျွေးပေးသင့်သည်။ ဆန်ပြုတ်ကို တစ်ခါတစ်ရံတွင်လည်း အားဖြည့်အစာအဖြစ် နို့၊ သကြားတို့နှင့်ရောကျိုပြီး ယာဂုအဖြစ်လည်း သုံးဆောင်နိုင်ကြောင်း ရေးသားလိုက်ရပါသည်။ ။**ကြည်လွင်မြင့်(မုဒြာ)**

---

# ပြည်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်လှစ်

ပြည် စက်တင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၉ ရက်တွင် ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝရရှိစေရန်အတွက် အခြေခံကျန်းမာရေးဝန်ထမ်းများကို မြို့ပြမှကျေးလက်ဒေသအထိ ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ယခုကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း စည်းကမ်းတကျနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စိတ်ပါဝင်စားစွာလေ့လာသင်ယူကြရန် အလေးအနက်ထားမှာကြားလိုကြောင်းပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

အဆိုပါသင်တန်းသည် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၅ မြို့နယ်ရှိပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၌ ခန့်ထားပြီးဖြစ်သော နေ့စားဝန်ထမ်း စုစုပေါင်း ၂၀၆ ဦးအနက် ၁၀၃ ဦးကို ပထမအသုတ်အဖြစ် သင်တန်းဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ပြီး သင်တန်းကာလခြောက်လကြာမြင့်မည်ဖြစ်ကြောင်း၊ သင်တန်းတွင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ စာတွေ့နှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းများကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။



**ကိုဆက်(ပြန်/ဆက်)**

# ပင်းတယမြို့ပေါ်၌ သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူပွဲကျင်းပ



**ပင်းတယ စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့ မြို့နယ် ဓမ္မာရုံကြီး၏ ဆွမ်းလောင်းလှူရန်ဌာန၌ စက်တင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် မြို့ပေါ် ဘုန်းတော်ကြီးကျောင်းတိုက် ၂၂ ကျောင်းမှ သံဃာတော်အပါး ၄၂၈ ပါးအား အရုဏ်ဆွမ်းလောင်းလှူပွဲကျင်းပသည်။

ထိုသို့ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူနိုင်ရန် မြို့နယ် ဝါတွင်းကာလ အဖိတ်နေ့သံဃာ့ဒါန ဆွမ်းလောင်းအသင်း၏ ပဋ္ဌမအကြိမ်မြောက် အလှူတော်ကိုဦးဆောင်ပေးကြသည့် အသင်းဥက္ကဋ္ဌ ဦးကျော်သူရ၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကျော်ကျော်နှင့် အသင်းသား၊ အသင်းသူများက ချက်ပြုတ်ဆောင်ရွက်ပေးမှုများဖြင့် အလှူရှင်များက ဆွမ်းနှင့် ဆွမ်းဟင်းများဖြင့် လောင်းလှူကြသည်။

အဆိုပါ အရုဏ်ဆွမ်းလောင်းလှူပွဲကြီးတွင် သံဃာ့ဒါနအရုဏ်ဆွမ်းအလှူရှင် မိသားစုများနှင့်အတူ နီးစပ်ရာရပ်ကွက်များမှ ရပ်ကွက်နေ မိဘပြည်သူများ လာရောက်လောင်းလှူကြကြောင်း သိရသည်။ (၄၀၅)

# ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကျင်းပ


**မိုးနဲ စက်တင်ဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို အခြေခံပညာအထက်တန်းကျောင်းမြရတနာဆောင်၌ စက်တင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး၊ အလယ်တန်းအဆင့်၌ ခုနစ်ဦးနှင့် ကဗျာအထက်တန်းအဆင့်၌ ကျောင်းသား၊ ကျောင်းသူ ငါးဦး၊ အလယ်တန်းအဆင့်၌ ခုနစ်ဦးတို့က သတ်မှတ်ခေါင်းစဉ်များအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲကို အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီထွန်းနှင့် ဆရာ၊ ဆရာမများက ကြီးကြပ်ပြီး မြတ်ဆရာတို့၏ဂုဏ်ကျေးဇူးကို ချီးကျူးဂုဏ်ပြုထုတ်ဖော်တတ်စေရန်၊ ဆရာများ၏ဂုဏ်ကျေးဇူးကို အစဉ်အောက်မေ့စေရန်ရည်ရွယ်၍ ပြိုင်ပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**



# နတ်မောက်မြို့နယ်၌ မိုးစပါးဧက ၂၄၈၆၀ လျာထားစိုက်ပျိုးလျက်ရှိ

**နတ်မောက် စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ မိုးစပါးဧက ၂၄၈၆၀ လျာထားစိုက်ပျိုးလျက်ရှိပြီး ၂၃၄၁၈ ဧက စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နတ်မောက်မြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် မနောသုခ၊ ဆင်းသုခ၊ ရောမင်းစပါးမျိုးများအပြင် တစ်ဧကစပါးအထွက်နှုန်းတင်း ၁၅၀ ထွက်ရှိသော ဆာဖိုးသာစပါးမျိုးနှင့် YSR –1 စပါးမျိုးသစ်များလည်း အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး စိုက်ပျိုးလျက်ရှိသည်။

မိုးစပါးစိုက်ပျိုးရာသီတွင် သီးနှံများအောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သွင်းအားစုပစ္စည်းများနှင့် သီးနှံမျိုးစေ့များပံ့ပိုးပေးလျက်ရှိပြီး ပိုးမွှားရောဂါများကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စပါးစိုက်တောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **လှဝင်း**

# ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး ဟောပြောပွဲနှင့် ဆုပေးအပ်ပွဲကျင်းပ

**စဉ့်ကိုင် စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာလ ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်စန်းက အသက် ၁၄ နှစ်မပြည့်သေးသည့် မည်သည့်ကလေးကိုမှ ဆိုင်၊ အလုပ်ဌာန၊ အများပျော်ရွှင်ရေးအလုပ်ဌာနတို့၌ လုပ်ခွင့်မပြုကြောင်းနှင့် အသက် ၁၄ နှစ်ပြည့်ပြီး အသက် ၁၈ နှစ်မပြည့်သေးသူကို အသက်မွေးဝမ်းကျောင်း သင်တန်းဆင်းလက်မှတ်၊ ကျန်းမာကြောင်းဆရာဝန်၏ ထောက်ခံချက်ဖြင့် အလုပ်လုပ်ခွင့်ပြုနိုင်ကြောင်း စသည့် ကလေးအလုပ်သမား၏ အသက်အရွယ်များနှင့် အလုပ်ချိန်ကန့်သတ်ချက်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက် စာရေးဆရာ ဦးအေးကိုကို (ဝင်းမောင်မောင် ပန်းလောင်လွင်ပြင်) က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေပုဒ်မနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုအကျယ်တဝင့် အသိပညာပေးဟောပြောသည်။

ယင်းနောက် ပန်းချီပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

## လမု လမ်း

➡ လမု လမ့်
စိမ်းလဲ့လဲ့ ဝေဝေဖြာ။
ရောဝတီ မြစ်ကမ်းတစ်ကြော
လွမ်းမော သာယာ။
မိတ်ဆွေကောင်းဇီဝကမ္ဘာ
ငှက်များစွာပျော်ကြ။
မှီတင်းနေထိုင်လို့
သီချင်းတမြိုင်မြိုင်နှင့်
မြိုင်ဆိုင်ပါလှ။


➡ ဒီရောက်ရာဒေသ
သဘာဝပတ်ဝန်းကျင်။
ဝန်းကျင်ကို အကျိုးပြု
လမု အပင်။
မသိက ရှုပ်တယ်ထင်
မြော်မြင်ရေရှည်တွေး။
အပူဒဏ် ကာကွယ်ဖို့
ကမ်းမပြိုရန် ကာကွယ်ဖို့
မြေပေါ်မှာ အမြစ်တဖွားဖွားဖြင့်
ကြိုးစားကာ သူ့လုပ်အားနဲ့
ကုပ်ထားတယ်လေး။

➡ ဒီလှိုင်းက ရန်လာဖြစ်
သူချစ်တဲ့ နှလုံးသားအနေ။
တုံ့မပြန် မပုတ်ခတ်
စိတ်ခတ်ခိုင်ပေ။
ဖား ငါး ပုစွန် ငါးရှဉ့် မြွေ
ကဏန်းတွေဌာနေပေ့ါ။
လမုလမ်းဆီက
ဝပ်ကျင်းကို "ဒီ" နမ်းတော့
လန်းလန်း ကြော့ကြော့။

➡ ညွန်လတာ လမုခရီး
ခရုမည်ဉ်းပါဝင်။
ငါးဖျံကောင် ခုန်ဆွဆွ
တက်ကြွ ပျော်ရွှင်။
မျိုးမသုဉ်းအောင် အသက်ရှင်
ထာဝစဉ်ထိန်းသိမ်း။
မဖုတ်မခွဲပါနှင့်
ခုတ်လှဲကာ မီးရှို့ကြလျှင်တော့
အလှဘယ်မှာ လှိုင်ပါလိမ့်
အလှမပိုင် ဘဝညစ်မှာမို့
တစ်ဆစ်ဉာဏ် အယူမယိမ်းတယ်
စိမ်းနိုင်မှစိမ်း။ ။

**ရွှေမြိုင်ပြုံးလဲ့မော်**

# အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ) လည်ပတ်ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ရောက်ရှိပြီး သံရည်ကျိုအလုပ်ရုံ(၁)တွင် လျှပ်စစ်သံရည်ကျိုမီးဖိုဖြင့်သံတိုသံစများကို ကျိုချက်နေမှု၊ ဓာတ်သတ္တုပါဝင်ပစ္စည်းများ ချိန်ညှိသည့် မီးဖိုဖြင့် စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် သံမဏိများဖြစ်အောင် ဆောင်ရွက်နေမှု၊ စဉ်ဆက်မပြတ်သံရည်များ သွန်းလောင်းနေမှု၊ လေးထောင့်ပုံသံမဏိများထွက်ရှိနေမှုနှင့် ဆက်စပ်အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက သံမဏိထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်ထက် ကျော်လွန်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန်နှင့် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို ပြည့်စုံအောင် ဖြည့်ဆည်းဆောင်ရွက်ထားရန်၊ ထို့ပြင် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်တင်းနိုင်ရေးစီမံချက်များ ရေးဆွဲဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများအား ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမြဲတမ်းဆောင်ရွက်ထားရှိရန်နှင့် ကြိုတင်ကာကွယ်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကိုလည်း စီမံချက်များ ရေးဆွဲဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများနှင့် နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

# မွန်ညီညွတ်ရေးပါတီ (Mon Unity Party) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅ / ၂၀၂၄ )**
၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်
( ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် )
**မွန်ညီညွတ်ရေးပါတီ (Mon Unity Party) ကို**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၁၉)လမ်း၊ အိမ်အမှတ်(၁၆) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မွန်ညီညွတ်ရေးပါတီ (Mon Unity Party)** ၏ မှတ်ပုံတင်အမှတ်မှာ (၅၂) ဖြစ်ပါသည်။

(ပုံ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# လှိုင်ကော်မြို့ရှိ ဆရာ/ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် လှိုင်ကော်မြို့ရှိ ဆရာ/ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

ကယားပြည်နယ်၊ လှိုင်ကော်မြို့၊ နမ့်ကွတ်ရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(နမ့်ကွတ်)ရှိ ဆရာ/ဆရာမများအား ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ အမေ့မေတ္တာအဆောင်၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဆရာ/ဆရာမများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ/ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဆရာမတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ/ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ/ဆရာမများနှင့်ကျောင်းသား/ကျောင်းသူများအား အာဟာရဖြည့် ကြက်သားဆန်ပြုတ်များကို တိုက်ကျွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ဒဂုံစတားအသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် စက်တင်ဘာ ၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၉)ကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ဒဂုံစတားအသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ YUSC အားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက ၅ ဂိုး ၁ ဂိုး ဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်နှင့် မိနစ် ၃၀ တွင် ဆွမ်လမန်ကလည်းကောင်း၊ ပွဲချိန် ၄၃ မိနစ်တွင် အောင်ကျော်နိုင်ကလည်းကောင်း၊ ပွဲချိန် ၇၆ မိနစ်တွင် ဇင်မင်းထွန်းကလည်းကောင်း၊ ပွဲချိန် ၉၅ မိနစ်တွင် ငြိမ်းချမ်းအောင်ကလည်းကောင်း အသီးသီးသွင်းယူပေးနိုင်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၄၄ မိနစ်တွင် ဂျိုးဆပ်ဖ်က သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူး ဆွမ်လမန်က ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက ၃ ဂိုး ၂ ဂိုး ဖြင့်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက်သွင်းဂိုးများကို ပွဲချိန် ၂ မိနစ်တွင် အောင်ပြည့်စုံကလည်းကောင်း၊ ပွဲချိန် ၂၆ မိနစ်တွင် အောင်ကျော်ဟိန်းကလည်းကောင်း၊ ပွဲချိန် ၆၆ မိနစ်တွင် စည်သူဝင်းကလည်းကောင်း အသီးသီးသွင်းယူပေးနိုင်ခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ထက်လင်းအောင်နှင့် သန်းအောင်ကျော်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို သစ္စာအားမာန်အသင်းမှ ကွင်းလယ်ကစားသမား အောင်ကျော်ဟိန်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၉-၂၀၂၄(အင်္ဂါနေ့)

- ၁။ ၆:၀၂ နိုင်ငံတော်သီချင်း
- ၂။ ၇:၁၅ မေတ္တာပို့
- ၃။ ၇:၂၀ ဓမ္မပူဇာတေး
- ၄။ ၈:၁၅ အမျိုးသားရေးတေးကဗျာ
- ၅။ ၈:၂၅ ဆောင်းပါးပေါ်ကစာစုများ
- ၆။ ၉:၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၇။ ၁၁:၄၅ မြတ်ဗုဒ္ဓ၏သာသနာ(Rep)
- ၈။ ၁၂:၀၀ ၁၂ လရာသီမှတ်တမ်း
- ၉။ ၁၇:၅၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၀။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
- ၁၁။ ၁၉:၀၀ **(၁၉၉၅)ခုနှစ်၊ မြဝတီအငြိမ့်ပြိုင်ပွဲ (ပထမဆု) မြနန်းရောအငြိမ့် (အနောက်တောင်တိုင်းစစ်ဌာနချုပ်)၊ (ဒုတိယပိုင်း)**

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) တွင်ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် နယ်မြေများရှိသင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ **စာမျက်နှာ ၁၂ သို့** ❑



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ သင်တန်းသားများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကျင်းပစဉ်။







❑ စာမျက်နှာ ၁၁ မှအဆက်

ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၅)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ် -

"ကျွန်တော့်အနေနဲ့ အမှတ်စဉ်(၅)မှာ တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကို ကာကွယ်ဖို့အတွက်၊ လူမျိုးဘာသာသာသနာကို ကာကွယ်ဖို့အတွက်ဖြစ်ပါတယ်။ အရပ်သား ဘဝနဲ့ တပ်မတော်သားဘဝ အများကြီးကွာခြားပါတယ်။ ကျွန်တော်ငယ်ငယ်ကတည်းက စစ်သားအရမ်းဖြစ်ချင်တာ။ ဖြစ်ခွင့်ရမယ်လို့ ထင်မထားခဲ့ပါဘူး။ အခုလိုမျိုး မမျှော်လင့်ဘဲ ဒီလိုစစ်မှုထမ်းရတဲ့အတွက်ကြောင့် ကျွန်တော်အရမ်းလည်း ဝမ်းသာပါတယ်။ စစ်မှုမထမ်းရသေးတဲ့ လူငယ်တွေကိုလည်း စစ်မှုထမ်းစေချင်ပါတယ်။ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံအတွက် ကာကွယ်ဖို့အတွက်ပါ။ သူငယ်ချင်းတွေကိုလည်း စစ်မှုထမ်းဖို့အတွက် ကျွန်တော်ဖိတ်ခေါ်ပါတယ်" ဟုပြောသည်။

"ကျွန်တော်ကတော့ ဒုတိယနှစ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ကပါ။ နိုင်ငံသားတိုင်း ထမ်းဆောင်သင့်တဲ့ ပြည်သူ့စစ်မှုထမ်းတာဝန်ကို နိုင်ငံသားတစ်ယောက်အနေနဲ့ ကျေပွန်အောင် ထမ်းဆောင်ချင်လို့ ဒီသင်တန်းကိုတက်ရောက်ခဲ့တာဖြစ်ပါတယ်။ အားကြိုးမာန်တက် လေ့ကျင့်ကြိုးစားနေတဲ့ အစ်ကိုကြီးတွေကိုကြည့်ပြီးတော့ ကြိုးစားချင်စိတ်တွေဖြစ်ပေါ်လာပါတယ်။ ကျွန်တော်လည်းကြိုးစားသွားမှာပါ" ဟုပြောသည်။

"ဒီသင်တန်းကို လာရောက်တက်ရခြင်း ရည်ရွယ်ချက်ကတော့ နိုင်ငံသားတိုင်း တာဝန်ထမ်းဆောင်သင့်တဲ့ ပြည်သူ့စစ်မှုထမ်းတာဝန်ကိုကိုယ်တိုင်လည်းထမ်းဆောင်လိုစိတ်ရှိတဲ့အတွက် လာရောက်တက်ခြင်းဖြစ်ပါတယ်"ဟုပြောသည်။ (၁၀၀)

# လူငယ်တို့အတွက် မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်

ဘုန်းမောင်ဝင်း(ဖျာပုံ)



နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ နိုင်ငံသားအားလုံးနဲ့သက်ဆိုင်တဲ့မွေးရာပါတာဝန်ပါပဲ။ ခေတ်မီနည်းပညာတွေတိုးတက်လာခြင်းနဲ့အတူ နိုင်ငံတစ်နိုင်ငံရဲ့ကာကွယ်ရေးအင်အားဟာ အမြဲတမ်းတပ်မတော်တစ်ခုတည်းမှာ အဓိကတည်ရှိတော့မှာမဟုတ်ပါဘူး။ ပြည်သူတစ်ရပ်လုံးပါဝင်တဲ့ ကာကွယ်ရေးစနစ်ကျင့်သုံးလာနေပါပြီ။ ဒါ့ကြောင့်မြန်မာနိုင်ငံမှာလည်းသမိုင်းကြောင်းအရ၊ လက်ရှိတည်ရှိနေမှုပထဝီဝင်အနေအထားအရ နိုင်ငံတော်ကာကွယ်ရေးမှာ တပ်မတော်နဲ့ပြည်သူဟာ ဟန်ချက်ညီညီလက်တွဲကြရတော့မှာဖြစ်ပါတယ်။ စစ်ဘက်နဲ့အရပ်ဘက်ကြား အပြန်အလှန်ယုံကြည်မှု၊ နားလည်ပေးမှု၊ စာနာမှုတွေရှိလာတော့မှာဖြစ်ပါတယ်။ စစ်ရေးစစ်ရာနဲ့ နိုင်ငံတော်လုံခြုံရေးမှာ ပြည်သူတွေပါဝင်လာတဲ့အခါ တပ်အပေါ် ပြည်သူ့ဘက်ကခံစားချက်၊ ပြည်သူ့အပေါ် တပ်ဘက်ကခံစားပေးမှုတွေမှာ အပြန်အလှန်ကိုယ်ချင်းစာနာမှုတွေနဲ့အတူ နီးစပ်မှုပိုမိုရှိလာကြတော့မှာဖြစ်ပါတယ်။ ပြည်သူအများစုသို့မဟုတ် ရပ်ရွာအလိုက် အချိုးညီမျှစွာ စစ်မှုထမ်းဆောင်ကြရမှာဖြစ်တဲ့အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေဟာ စစ်ဘက်နဲ့အရပ်ဘက်အကြား လူမှုပေါင်းကူးတံတား (Civil-military Social Bridge) လို့ တင်စားခေါ်ဝေါ်ကြပါတယ်။

ဒါ့ကြောင့်လည်း ကမ္ဘာ့အချို့နိုင်ငံတွေနည်းတူ မြန်မာနိုင်ငံမှာလည်း ပြည်သူ့စစ်မှုထမ်းဥပဒေတစ်ရပ်ကို စတင်အာဏာတည်ခဲ့တာဟာ နိုင်ငံအတွက် အလွန်ပဲကောင်းမွန်လှပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ အခုမှပြဋ္ဌာန်းခြင်းမဟုတ်ပါဘူး။ ၁၉၅၉ ခုနှစ်ကတည်းကရှိခဲ့ပြီးသားပါ။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလမှာ ထပ်မံပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ အခုအချိန်အခါမှာမှ အတည်ပြုလိုက်တာဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတော်တော်များများမှာလည်း ပြည်သူတွေပါဝင်တဲ့စစ်မှုထမ်းဆောင်ခြင်းကို ခေါ်းစဉ်အမျိုးမျိုး၊ အသွင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ပြဋ္ဌာန်းကျင့်သုံးကြပါတယ်။ စစ်မှုမထမ်းမနေရကျင့်သုံးတဲ့နိုင်ငံ၊ ဥပဒေကိုပြဋ္ဌာန်းထားပြီး တာဝန်ထမ်းဆောင်ရခြင်းမရှိသေးတဲ့ နိုင်ငံတွေရှိသလို ဥပဒေနဲ့အညီ မဖြစ်မနေစစ်မှုထမ်းနေရတဲ့နိုင်ငံတွေလည်းရှိတာတွေ့ရပါတယ်။

**မြန်မာလူမျိုးအများစုဟာ မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်တတ်ကြတဲ့ မျိုးချစ်စိတ်ဓာတ်ရှိသူတွေဖြစ်ပါတယ်။ အရေးကြီးတော့သွေးနီးသည်ဆိုစကားအတိုင်း အသက်အရွယ်နဲ့ကျန်းမာရေးအဆင့်အတန်းမီတဲ့ အမျိုးသား၊ အမျိုးသမီးတွေစစ်မှုထမ်းနေကြပါပြီ။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅) ကိုလည်း အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ လက်ရှိမှာတော့ ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းများသည် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေလျက်ရှိ . . .**

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ အမှန်တကယ်ပြောရရင် နိုင်ငံတော်အတွက်ကြိုတင်ကာကွယ်ထားခြင်းပါပဲ။ တပ်မတော်ဆိုတာအမြဲရှိနေရမယ်။ တပ်မတော်မှာဝင်ရောက်စစ်မှုထမ်းသူတွေ စဉ်ဆက်မပြတ်ရှိနေရမယ်။ ဒါ့ကြောင့်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေကိုထုတ်ပြန်လိုက်တာလို့ စာရေးသူတွေးမြင်မိပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ အရွယ်ရောက်သူတိုင်း စစ်မှုမထမ်းမနေရ နိုင်ငံတော်ကိုကာကွယ်ကြရမယ်ဆိုတဲ့သဘောပါပဲ။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ နိုင်ငံသားတိုင်းရဲ့မွေးရာပါတာဝန်ပါပဲ။ ဒီထက်ပိုပြီးသေချာအောင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၃ မှာ "နိုင်ငံသားတိုင်းသည် အောက်ပါတို့ကို စောင့်ထိန်းရန်တာဝန်ရှိသည်-(က)ပြည်ထောင်စုမပြိုကွဲရေး၊ (ခ)တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ (ဂ)အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဆိုပြီးပြဋ္ဌာန်းပြီးသားဖြစ်ပါတယ်။

ပုဒ်မ ၃၈၅ မှာ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်" လို့ ပြဋ္ဌာန်းထားပါတယ်။ အလားတူပါပဲ။ ပုဒ်မ ၃၈၆ မှာ "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်" လို့လည်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း အရွယ်ရောက်သူလူငယ်မောင်မယ်တိုင်းဟာ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ခြင်းဆိုတာ ပြဋ္ဌာန်းထားမှ မဟုတ်ပါဘူး။ ငါတို့နိုင်ငံတော်ကို ငါတို့ကာကွယ်ကြရမယ်ဆိုတဲ့အသိစိတ်ဟာ လူငယ်တိုင်းမှာရှိထားရမယ့်စိတ်ထားဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ကြမယ့်လူငယ်များဟာ နိုင်ငံ့တာဝန်ကိုကျေပွန်စွာထမ်းဆောင်ကြတဲ့ နိုင်ငံ့သားကောင်းအဖြစ် လူမှုပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမြင့်မားစွာရပ်တည်နိုင်မှာဖြစ်သလို စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း တစ်ကိုယ်ရေ စည်းကမ်းကောင်းမွန်လာခြင်း၊ ပင်ကိုအရည်အသွေးများဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ရင့်ကျက်မှုနဲ့ယုံကြည်မှု၊ ဖွဲလုံ့လဝီရိယနဲ့ကိုယ်ကာယကြံ့ခိုင်မှုတွေ တိုးတက်ရရှိလာမှာဧကန်ဖြစ်ပါတယ်။ စစ်မှုထမ်းခြင်းကနေရရှိလာတဲ့ အတွေ့အကြုံနဲ့အသိပညာဟာ အနာဂတ်လူငယ်တွေရဲ့ဘဝရပ်တည်မှုကို များစွာအထောက်အကူပေးနိုင်မှာဖြစ်ပါတယ်။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကိုထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေ ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ အတည်ပြုပြဋ္ဌာန်းကျင့်သုံးလိုက်ခြင်းဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတွေရဲ့ခံစားခွင့်တွေကိုလည်း ပြည်သူ့စစ်မှုထမ်းဥပဒေမှာခိုင်ခိုင်မာမာပြဋ္ဌာန်းပေးထားပါတယ်။ ထုတ်နုတ်ပြောရရင် စစ်မှုတာဝန်ထမ်းဆောင်နေစဉ်အတွင်း သတ်မှတ်ထားတဲ့အဆင့်အလိုက် လစာနဲ့စရိတ်ရရှိမယ်။ တာဝန်ထမ်းဆောင်နေစဉ် သေဆုံး၊ ထိခိုက်ဒဏ်ရာရခြင်းမျိုးဖြစ်ခဲ့ရင် တာဝန်ထမ်းဆောင်ခြင်းနဲ့အကျုံးဝင်ရင် တပ်မတော်မှာသတ်မှတ်ထားတဲ့ခံစားခွင့်တွေရရှိပါမယ်။ ပြည်သူ့စစ်မှုထမ်းကာလပြီးဆုံးတဲ့အခါမှာ အလုပ်သမားတစ်ဦးဖြစ်ခဲ့ရင် မူလအလုပ်အကိုင်မှာ သတ်မှတ်ထားတဲ့အတိုင်း အလုပ်ရှင်ကခန့်ထားရပါမယ်။ သတ်မှတ်စစ်မှုထမ်းကာလပြည့်တဲ့အခါမှာ မိမိသဘောဆန္ဒအရ တပ်မတော်ကိုဝင်ရောက်အမှုထမ်းလိုပါက သတ်မှတ်ထားတဲ့စည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ စစ်မှုထမ်းခွင့်ပြုနိုင်ပါတယ်။ ထူးခြားချက်တစ်ခုကတော့ ပါရဂူဘွဲ့ရသူတွေ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဘွဲ့ရသူတွေနဲ့ အခါအားလျော်စွာ သတ်မှတ်တဲ့အရည်အချင်းနဲ့ ပြည့်စုံသူတွေကို အရေးပေါ် ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်နိုင်တာပါပဲ။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ကြမယ့်လူငယ်များအနေဖြင့် အရပ်သားဘဝမှ စစ်မှုထမ်းဘဝသို့ကူးပြောင်းလာတဲ့အခါ သင်တန်းသားများမှာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်လာခြင်း၊ အသင်းအဖွဲ့နှင့် စုပေါင်းလုပ်ဆောင်တတ်လာခြင်း၊ အချိန်ဇယားကိုက်လုပ်ကိုင်တတ်လာခြင်း၊ တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုပမာ ချစ်ခင်စွာနေတတ်လာခြင်း၊ မိမိကိုယ်ကို တန်ဖိုးထားချစ်တတ်လာရာမှ မိမိရဲ့မိသားစု၊ ဇာတိမြို့ရွာမှသည် နိုင်ငံတော်အထိ တန်ဖိုးထားချစ်တတ်လာခြင်း စသည်ဖြင့် နိုင်ငံ့သားကောင်းတို့ရဲ့ကောင်းမွန်သောအရည်အသွေးများ ပြည့်စုံလာကြတော့မှာဖြစ်ပါတယ်။

စစ်မှုထမ်းဥပဒေဆိုတာ တကယ့်အနှစ်သာရက နိုင်ငံသားအားလုံး မိမိနိုင်ငံကိုကာကွယ်ဖို့တာဝန်ရှိတယ်။ လိုအပ်ရင်စစ်မှုထမ်းဆောင်ရမယ်။ နိုင်ငံတော်ကာကွယ်ရေးအတတ်ပညာတွေတတ်ရမယ်...ဆိုတဲ့ အသိစိတ်ဓာတ်ရှိလာအောင် ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ မြန်မာလူမျိုးအများစုဟာ မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်တတ်ကြတဲ့ မျိုးချစ်စိတ်ဓာတ်ရှိသူတွေဖြစ်ပါတယ်။ အရေးကြီးတော့သွေးနီးသည်ဆိုစကားအတိုင်း အသက်အရွယ်နဲ့ကျန်းမာရေးအဆင့်အတန်းမီတဲ့ အမျိုးသား၊ အမျိုးသမီးတွေစစ်မှုထမ်းနေကြပါပြီ။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၅) ကိုလည်း အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ လက်ရှိမှာတော့ ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းများသည် သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်နေလျက်ရှိပါတယ်။ စစ်သားကောင်းတစ်ယောက်ဖြစ်အောင် **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ** ဆိုတဲ့ စိတ်ဓာတ်ကောင်း၊ စည်းကမ်းကောင်းတို့နဲ့အတူ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်ပြည့်စုံမှုရှိတဲ့ သားကောင်းရတနာများအဖြစ် ဂုဏ်ယူနိုင်ကြတော့မှာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ တကယ့်ကိုမွန်မြတ်လှတဲ့တာဝန်ဖြစ်တာကြောင့် ပြည်သူ့စစ်မှုထမ်းသင်တန်းပြီးမြောက်သူများ၊ ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်လျက်ရှိသူများအားလုံးကို ဂုဏ်ပြုကြိုဆိုပါကြောင်းရေးသားလိုက်ပါတယ်။ ။

# ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်ကျင်းပ





**နေပြည်တော် စက်တင်ဘာ ၉**

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲစဉ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ဆက်လက်ကျင်းပသည်။


တတိယနေရာလုပွဲစဉ်အဖြစ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ အနိုင်မခံအရှုံးမပေးစိတ်ဓာတ်ဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖိအားပေး၍ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲပြီးဆုံးချိန်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိကာ တတိယနေရာကို ထိုက်ထိုက်တန်တန် ရရှိသွားသည်။

အဆိုပါအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဒေါက်တာတင်ထွဋ်၊ ဦးဗိုလ်ဗိုလ်ကျော်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲကို တက္ကသိုလ်ဘောလုံးပြိုင်ပွဲမှထွက်ပေါ်လာမည့် ထူးချွန်အားကစားသမားများမှသည် နိုင်ငံတော်အတွက်အားထားရသည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် စက်တင်ဘာ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအရှေ့၌ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့်ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြိုင်ပွဲဝင်ဘော်လီဘောအသင်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုပြိုင်ပွဲမှတစ်ဆင့် ဝန်ကြီးဌာနဂုဏ်ဆောင်ဘော်လီဘော အားကစားသမားများ ပေါ်ထွန်းလာပြီး နိုင်ငံတော်အဆင့်ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး၌ ဝန်ကြီးဌာနကိုယ်စားပြု ဘော်လီဘောအသင်းအဖြစ် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ရည်မှန်းချက်ထားကာ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ကြိုးစားယှဉ်ပြိုင်ကြရန် တိုက်တွန်းပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄) ချက်ကိုရွတ်ဆိုကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။

ယင်းနောက် အဖွင့်ပွဲစဉ်အဖြစ် ဝန်ကြီးရုံး e-ID ကိုယ်စားပြုအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် အုပ်စုနှစ်ခုခွဲကာ စက်တင်ဘာလ ၉ ရက်မှ ၁၄ ရက်အထိ အုပ်စုပတ်လည်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

## ထူးခြားသည့်နေ့အပူချိန်များ

၉-၉-၂၀၂၄

| | | | | |
|---|---|---|---|---|
| ချောက် | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဂန့်ဂေါ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ကလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မော်လိုက် | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အလယ်အလတ်အဆင့်၊ အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၁၀၂) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၉**

အလယ်အလတ်အဆင့်၊အဆင့်မြင့်စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁၀၂) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက Online ဖြင့် တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက သင်တန်းတွင် စာရင်းပညာနားလည်တတ်ကျွမ်းပြီး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စာရင်းမှတ်တမ်းများကို အမှားအယွင်းမရှိ တိကျမှန်ကန်စွာရေးဆွဲဆောင်ရွက်နိုင်စေရန်နှင့် ရုံးလုပ်ငန်းများကို စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန်တို့အတွက် လုပ်ငန်းခွင်တွင် အမှန်တကယ်အထောက်အကူပြုနိုင်မည့်ဘာသာရပ်များကို ပို့ချသွားမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော် သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၉ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အထိ တစ်ပြိုင်တည်းဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ အလယ်အလတ်အဆင့်သင်တန်းတွင် သင်တန်းသား ၃၁၄ ဦး၊ အဆင့်မြင့်သင်တန်းတွင် သင်တန်းသား ၁၅၄ ဦး စုစုပေါင်း ၄၆၈ ဦးတို့ တက်ရောက်ကြောင်း သိရသည်။

(၅၀၀)



၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှု အားပေးသူများကို တွေ့ရစဉ်။

⏭ **စာမျက်နှာ ၁၇ မှအဆက်**

ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က စတုတ္ထဆုရရှိသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကိုယ်စားပြုအသင်းကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုအသင်းကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ဒုတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာနကိုယ်စားပြုအသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။



၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပထမဆုရရှိသော နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်း အောင်ပွဲခံနေမှုကိုတွေ့ရစဉ်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များကိုပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။



၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသူများကိုတွေ့ရစဉ်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာဝန်ကြီးဌာနကိုယ်စားပြု တက္ကသိုလ်များ ဘောလုံးအသင်း( ခုနစ်သင်း)တို့ပါဝင်ပြီး ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၉ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသူများကိုတွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဒုတိယဆုရရှိသည့် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း တတိယဆုရရှိသည့် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆု ရရှိသူအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အကောင်းဆုံး (ဂိုးသမား)ဆု ရရှိသူအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။

⏭ ကျောဖုံးမှအဆက်

တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့်အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကြိတ်အနယ် ဖိအားပေးယှဉ်ပြိုင်ကြပြီး ပထမပိုင်းပွဲကစားချိန်ပြီးဆုံးချိန်အထိ ဂိုးရရှိခဲ့မှုမရှိဘဲ ဒုတိယပိုင်းပွဲကစားချိန် ၆၈ မိနစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းက အနိုင်ဂိုးကိုသွင်းယူရရှိခဲ့ကာ ပွဲကစားချိန်ပြီးဆုံးချိန်တွင် ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံး(ဂိုးသမား)ဆုနှင့်အကောင်းဆုံး (နောက်တန်း)ဆုကို ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေနှင့် ဦးကိုကိုလှိုင်တို့ကလည်းကောင်း၊ အကောင်းဆုံး (အလယ်တန်း)ဆု၊ အကောင်းဆုံး(ရှေ့တန်း)ဆု၊ ဂိုးသွင်းအများဆုံးအားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရရှိသူများကို ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်း၊ ခွန်စံလွင်၊ ဒေါက်တာဘရွှေတို့ကလည်းကောင်း တစ်ဦးချင်းအကောင်းဆုံးဆုတံဆိပ်များနှင့် စာမျက်နှာ ၁၅ သို့ ⏭



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန် စတုတ္ထဆုရရှိသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်း အကောင်းဆုံး (ရှေ့တန်း) ကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသူများကိုတွေ့ရစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# SAC Chairman Prime Minister Senior General Min Aung Hlaing receives a delegation led by President of International Committee of the Red Cross-ICRC



Senior General Min Aung Hlaing receives the delegation led by the ICRC president.

NAY PYI TAW September 9

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing received a delegation led by Ms. Mirjana Spoljaric Egger, President of the International Committee of the Red Cross–ICRC at the parlour of the Office of the State Administration Council Chairman in Nay Pyi Taw this morning.

At the meeting, they cordially exchanged views on undertakings of the ICRC to provide humanitarian aid in Myanmar, needs to cooperate with relevant ministries to actually distribute necessary aid to the people in need rather than falling into the hands of unrelated organizations, and all measures being taken by the Tatmadaw in accord with the Geneva Convention.

Also present at the meeting were Council Joint Secretary General Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Union Minister for Health Dr Thet Khine Win and officials. The ICRC President was accompanied by her delegation members.

100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing enjoys final of 2024 inter-ministerial universities' football tournament and gives away prizes





Senior General Min Aung Hlaing watches the final of 2024 inter-ministerial universities' football tournament.

NAY PYI TAW September 9

The final and prize-presentation ceremony of the 2024 inter-ministerial universities' football tournament took place at Wunna Theikdi Stadium here this afternoon, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing who gave away prizes.

SAC Joint Secretary General Ye Win Oo, SAC members, union ministers, union level officials, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, departmental officials, members of tournament organizing committee, officials, managers, coaches and footballers of the teams, students and faculty members of inter-ministerial universities, families of the ministries, and sports enthusiasts were also present.

The Senior General and

See Page - 21 ●●

# More than 4,000 acres of vegetables planted in Wetlet Township this monsoon

WETLET September 9

The statistics of Wetlet Township Agriculture Department of Sagaing Region have stated that a total of 4,253 acres of vegetables has been grown as monsoon crops in Wetlet Township.

In 2024-2025 monsoon season, Wetlet Township earmarked cultivation of 4,225 acres of vegetables. But, local farmers have so far planted 4,253 acres of vegetables exceeding the target cultivation.

Daw Kyin San, Head of Wetlet Township Agriculture Department said: "Local authorities planned to grow 4,225 acres of vegetables this monsoon. However, local farmers strived for exceeding the target of crops by growing 4,253 acres of vegetables on the croplands. They could meet the target cultivation. They grow mustard, chilli, spicy, potato, cabbage, eggplant, Chinese cabbage and cauliflowers. Staff members of our department helped local farmers grow crops with good agricultural practice-GAP system and shared agricultural techniques with local farmers for minimizing chemical residue at agricultural produce in accord with the health protocols."

The Township Agriculture Department conducted training courses for agricultural staff and local farmers to enhance their capacity in growing vegetable crops and produce healthy products as well as expand sown acreage of vegetables.

As local farmers grow various kinds of vegetables in all seasons in Wetlet Township, these crops are thriving at their farms at present. Subsequently, local farmers can earn increased incomes from their vegetable plantations. Staff of the township agriculture department raise farmer awareness to use correct agricultural techniques, prevent pests and make natural fertilizers and pesticides for preventive measures.

**SK**

# Pwintbyu Township plans to grow 12,805 acres of sunflower in this winter

PWINTBYU September 9

A total of 12,805 acres of sunflower will be planted in Pwintbyu Township of Magway Region in this year's cold season, according to the Township Agriculture Department.

Pwintbyu Township is planning to grow oilseed sunflowers in this year's winter crops planting season in order to increase domestic production of edible oil and to boost income from the oilseed sunflowers in the Township.

"In this year's winter crops growing season, Pwintbyu Township has targeted to plant 12,805 acres of sunflower in the entire township. Now, efforts are being be made to meet the targeted areas. Farmers will be provided with necessary assistance and varieties of sunflower seeds" said Daw Moe Moe Wai, staff officer of the Township Department of Agriculture.

The farmers in Pwintbyu Township has planned to cultivate 12,805 acres of edible oil crops, 2,930 acres of various pulses, 12,142 acres of sesame and 115 acres of sesame flower, totaling 27,992 acres in this year's winter crops growing season, according to the Township Agriculture Department.

**SK**

# KhinU Township farmers cultivate 5,831 acres of rain-fed maize and millets

KHINU September 9

A total of 5,831 acres of maize and millets have been planted during this year's rain crops planting season in KhinU Township, Shwebo District, Sagaing Region, according to statistics from the Department of Agriculture for KhinU Township.

During the 2024-2025 rain crops planting season, KhinU Township has planned to plant 1,005 acres of maize and 5,491 acres of millets. Since June this year, 188 acres of maize and 5,643 acres of millets have been planted, totaling 5,831 acres.

"We are providing awareness for the success of corn crops, and providing awareness to prevent the spread of pests," said U Nay Win Naing, head of the Department of Agriculture for KhinU Township.

In KhinU Township, in the cultivation of maize and millets, more than 50 baskets of maize are produced per acre, and the cost of planting one acre of maize is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over Ks-500,000.



**SMK**

# Myanmar exports over 20,000 tons of fishery products to Thailand



YANGON September 9

Myanmar exported 24,031 tons of fishery products worth US$-25.63 million between April and August of the current financial year 2024- 2025, according to Myeik District's Fisheries Department in Taninthayi Region.

"Myanmar delivers fisheries to Thailand through Mawtaung and Kawthoung-Ranong borders," said U Zaw Min Oo, deputy director of the Fisheries Department.

"Fisheries are supplied from Myeik District to Taninthayi Region. The export volume is estimated at 24,031 tonnes in April-August. More than 20 fisheries are exported to Thailand through Mawtaung, and dried fish meal is sourced from Kawthoung. Kyunsu and Palaw townships are the main suppliers of fisheries. Plans are underway to expand saltwater shrimp breeding projects in those townships," U Zaw Min Oo said.

Myanmar ships fish, shrimp and other products from Kawthoung, Dawei and Myeik districts to Thailand and also conveys them to other export markets through Yangon Region.

**SMK**

# Khamti Township cultivates 7,133 acres of rain-fed rice

KHAMTI September 9

A total of 7,133 acres of rain-fed rice have been planted in Khamti Township, Khamti District, Sagaing Region, according to statistics from the Department of Agriculture for Khamti Township.

During the 2024-2025 rain crops planting season, 8,350 acres of rain-fed rice are planned to be planted in Khamti Township, and 7,113 acres have been planted since June this year.

"We are providing the necessary technology and varieties to reach the designated rain-fed rice. We are conducting fieldwork so that farmers can plant rain-fed rice on time," said Daw Su Su Khaing, head of the Department of Agriculture for Khamti Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

It is reported that the department is providing agricultural technology, education on prevention of pest infestation, damage to crops, and the timely arrival of harvested rice under shelter to rain-fed rice farmers in Khamti Township.

**SK**

# Typhoon Yagi leaves 59 dead, missing in Vietnam's northern region

HANOI September 9

As of Monday noon, Typhoon Yagi and consequent landslides and floods have left 59 people dead and missing in Vietnam's northern region, the Ministry of Agriculture and Rural Development said.

The natural disasters also injured 247 people, including 157 in Quang Ninh Province and 40 in Hai Phong City; sank 25 unmanned vessels, mostly fishing boats; damaged over 113,000 hectares of rice and more than 22,000 hectares of other crops; damaged or swept away 1,500 aquaculture cages; killed 190,000 fowls; and uprooted or damaged nearly 121,700 trees, the ministry said.

A steel bridge in Vietnam's northern Phu Tho province collapsed on Monday morning, causing 10 automobiles and two motorbikes to fall into the Red River and leaving 13 people missing, Vietnam News Agency reported.



An aerial drone photo shows a steel bridge collapsed in Phu Tho Province of northern Vietnam, September 9, 2024.

It also reported that 21 people in Cao Bang province were killed and missing by landslides, and 15 people in Lao Cai Province faced the same fate.

Typhoon Yagi was the strongest storm to hit Vietnam's northern region in the past 30 years, according to the ministry.

**Xinhua**

# UAE vaccinated 460,000 children in Gaza against polio



UAE vaccinated 460,000 children in Gaza against polio.

DUBAI September 8

UAE authorities have announced the completion of polio vaccination of 460,000 children in the Gaza Strip in the first eight days since the start of the vaccination campaign, the Emirati state-run news agency WAM reported on Sunday.

In total, 640,000 children in the Gaza Strip are planned to be vaccinated against polio. According to the agency, vaccination is being carried out in 150 centers by more than 2,000 medical workers.

The campaign to vaccinate children against polio in the Gaza Strip started on September 1 and is being carried out jointly with humanitarian organizations from the UAE, the World Health Organization (WHO), UNICEF and the United Nations Relief and Works Agency for Palestine Refugees in the Near East (UNRWA). The UAE previously allocated US$-5 million for the vaccination.

In July, the Gaza Health Ministry declared the enclave a polio epidemic area, citing the months-long fighting as the main reason for the spread of the disease. The World Health Organization (WHO) and the UN International Children's Emergency Fund (UNICEF) called for a humanitarian pause in the enclave to allow for vaccination.

Palestinian movement Hamas said it supported the humanitarian pause. Israel confirmed on Saturday that it would open a humanitarian corridor for medical personnel and designate safe areas for administering the vaccines during a short period.

**Sputnik**

# China ready to strengthen coordination, cooperation with North Korea - Xi Jinping

BEIJING September 9

China is ready to "deepen strategic understanding" with North Korea, as well as "strengthen coordination and cooperation," Chinese President Xi Jinping said in a congratulatory telegram to North Korean leader Kim Jong Un on the occasion of the 76th Anniversary of the country's founding.

"In the new period, in the new situation, the Chinese side will continue to pay attention to Chinese-Korean relations at the strategic level and from a long-term perspective. And it is ready to deepen strategic understanding with the Korean side, strengthen coordination and cooperation, jointly reliably protect, firmly strengthen and dynamically develop Chinese-Korean relations of friendship and cooperation," the telegram says, as quoted by the Korean Central News Agency (KCNA).

Xi Jinping added that under the leadership of the Workers' Party of Korea (WPK), the Korean people "have promoted the tireless development of all national affairs with unanimity and unity." The Chinese President wished the DPRK prosperity and its people happiness and well-being.

**Sputnik**

# Israel attacks central Syria, killing at least 3 - Syrian Defence Ministry

DAMASCUS September 9

Israeli fighter jets attacked a number of military positions in central Syria from northwestern Lebanon, air defense forces shot down several missiles, the Syrian Defence Ministry said in a statement to the state-run news agency SANA.

"At approximately 20:23 [17:23 GMT] on September 8, 2024, the Israeli enemy launched an air attack from northwestern Lebanon, striking a number of military targets in the central region. Our air defense systems intercepted the aggressor's missiles, some of them fell. As a result of the aggression, three people were killed and fifteen were injured, and material damage was caused," the statement said.

Syrian media noted that the attack caused two fires, which firefighters are attempting to extinguish.

Earlier, the agency reported repelling an attack on targets in central Syria. The director of the hospital in the city of Masyaf, Faisal Haider, said the death toll from the attack had risen to four, with more wounded continuing to arrive.

Israel has not commented on the attack and typically does not comment on its attacks on Syria, which have been intermittent for years. In April, Israeli fighters bombed the Iranian embassy in Damascus in an assassination that killed 16 people, including two civilians.

**Sputnik**

# Wildfires rage across western U.S. amid intense heat wave

SACRAMENTO September 9

Fueled by excessive heat and drought, several large wildfires raged across the western United States on Sunday, forcing thousands of people to evacuate their homes and worrying climate experts about more fires in the coming days.

In Northern California, a wildfire called the Boyles Fire erupted Sunday afternoon in the town of Clearlake, located in Lake County north of the Bay Area.

The fire has rapidly consumed 76 acres (about 0.3 square km) in just three hours, with 10 percent containment achieved so far, the California Department of Forestry and Fire Protection (CalFire) said.

The agency has declared the fire "an immediate threat to life," urging people in affected areas to evacuate immediately. Approximately 30 structures are "involved" in the blaze, and around 4,000 residents in the town have been displaced from evacuation zones, said the agency in a fire update.

A live video from a local news channel showed the fire was burning through thick brush that had become highly flammable due to the hot weather and dry conditions, making it particularly challenging for firefighters to control.

In Southern California, the situation was even more dire. A wildfire called the Line Fire, which broke out on Thursday in San Bernardino County, has grown exponentially, quadrupling in size on Saturday.

**Xinhua**

●● From Page - 18

attendees enjoyed the final match between Ministry of Education team and Ministry of Border Affairs team.

The two finalists put pressure on each other in the first half that ended in a goal-less draw. At the 68th minute of the second half, Border Affairs Ministry team scored the lone goal of the match and won with a 1-0 result.

At the prize presentation ceremony, union ministers, Dr Nyunt Pe and U Ko Ko Hlaing, presented medals and cash awards individually to best goalkeeper award and best defender award winners respectively, and SAC members, U Yan Kyaw, U Shwe Kyein, Khun San Lwin and Dr Ba Shwe, medals and cash awards individually to best midfielder award, best striker award, top scorer award, and player of the tournament award winners respectively.

Council Member Dr. Hmu Htan presented individual medals and honorary awards to the team representing the Ministry of Science and Technology, which won fourth place; Council Member Porel Aung Thein, to the team representing the Ministry of Agriculture, Livestock, and Irrigation, which won third place; and Council Member Daw Dwe Bu, to the team representing the Ministry of Education, which won second place.

Then, Council Joint Secretary General Ye Win Oo awarded individual medals to the team representing the Ministry of Border Affairs, which won first place.

Following this, Senior General Min Aung Hlaing presented honorary cash awards and the championship trophy to the team representing the Ministry of Border Affairs.

After the award ceremony, the Senior General and party warmly greeted the participating athletes.

In the football tournament, seven teams representing universities under the respective ministries participated, including the Ministry of Border Affairs, Ministry of Agriculture, Livestock and Irrigation, Ministry of Cooperatives and Rural Development, Ministry of Natural Resources and Environmental Conservation, Ministry of Education, Ministry of Science and Technology, and Ministry of Health. The competition took place from August 31 to September 9. **100**



Senior General Min Aung Hlaing presents cash award to the first prize winning team.



A player receives medal and cash award.



A player receives medal and cash award.



A player receives medal and cash award.



Students seen among the spectators.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

SCIENCE

# ဦးနှောက်ကင်ဆာကိုတိုက်ဖျက်နိုင်မည့် နာနိုအမှုန်များကို အမေရိကန်-တရုတ်ပူးတွဲတီထွင်

အမေရိကန်နှင့် တရုတ်နိုင်ငံတို့မှသိပ္ပံပညာရှင်များက အသက်ဆုံးရှုံးစေလောက်သည့် ဦးနှောက်ကင်ဆာတစ်မျိုးကို တိုက်ဖျက်နိုင်မည့် အပင်အခြေခံနာနိုအမှုန်များကို ပူးတွဲတီထွင်လိုက်နိုင်သည်။

နာနိုအမှုန်များကို ဘာဒိုဗိုလုန်းမီသိုင်းမှဖန်တီးထားခြင်းဖြစ်ပြီး ယင်းအမှုန်များသည် သွေးကြော-ဦးနှောက်အတားအဆီးကိုကျော်ဖြတ်ကာ ကင်ဆာအကျိတ်ဖြစ်စေသော ကလာပ်စည်းများကိုတိုက်ရိုက်ပစ်မှတ်ထားနိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။

တရုတ်နိုင်ငံ ဝူဟန်မြို့ရှိ ရန်မင်းဆေးရုံနှင့် အမေရိကန်နိုင်ငံ ယေးတက္ကသိုလ်တို့မှ သိပ္ပံပညာရှင်များက အဆိုပါနာနိုအမှုန်များကို ကြွက်များတွင်ထိုးသွင်းပေးလိုက်ရာ ထိုအမှုန်များသည် ကင်ဆာအကျိတ်ဖြစ်စေသောကလာပ်စည်းများကို အောင်မြင်စွာသိရှိနိုင်ပြီး တိုက်ခိုက်မှုလုပ်ဆောင်သည်ကိုတွေ့ရသည်။

ဂလီယိုဘလက်စတိုမာဟုခေါ်သော ဦးနှောက်ကင်ဆာသည် ယနေ့အချိန်တွင် လျင်မြန်စွာဖြစ်ပွားလာနေသည့် ရောဂါဖြစ်ပြီး နှစ်စဉ်လူ နှစ်သိန်းခွဲခန့်မှာ ထိုရောဂါကို ခံစားနေရသည်။

ဆရာဝန်များက ထိုကဲ့သို့သောဝေဒနာခံစားနေရသည့်လူနာများကို တွေ့ရှိပါက ယင်းလူနာသည် အချိန်အားဖြင့် ၁၄ လမှ ၁၆ လအတွင်းသာ အသက်ရှင်နိုင်တော့သည်အထိ အဆိုပါရောဂါကပြင်းထန်ခြင်းဖြစ်သည်။ ရောဂါကိုကုသရာတွင် ဦးနှောက်ခွဲစိတ်ပြီးအကျိတ်ထုတ်ခြင်းနည်းကို အသုံးပြုခြင်းဖြစ်သည်။

Ref: IE

K.H



# နှစ်ပေါင်း ၄၅ သန်းရှိ မျိုးသုဉ်းသစ်ကြားသီးများကို အာတိတ်ကျွန်းတစ်ခုမှတွေ့ရှိ

သုတေသနပညာရှင်များသည် ယနေ့တွင်မျိုးသုဉ်းသွားပြီဖြစ်သော နှစ်ပေါင်း ၄၅ သန်းသက်တမ်းရှိ ရှေးဟောင်းသစ်ကြားသီးများကို အာတိတ်စက်ဝိုင်းပေါ်ရှိ ကျွန်းတစ်ခုမှတွေ့ရှိသည်။

အဆိုပါသစ်ကြားသီးများကို သက်ရှိအားလုံးနီးပါးကင်းမဲ့သည့် အေဇယ်ဟေးဘာ့အမည်ရှိ ရေခဲပြင်ကန္တာရမှတွေ့ရှိခြင်းဖြစ်သည်။ ထိုသို့တွေ့ရှိခြင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၄၅ သန်းတွင် ယင်းနေရာက အာတိတ်သမုဒ္ဒရာ၏ကမ်းရိုးတန်းရှိ မိုးသစ်တောအဖြစ်တည်ရှိခဲ့ဖွယ်ရှိသည်ဟု ပညာရှင်များက ခန့်မှန်းကြသည်။

ပုံမှန်အားဖြင့်ဆိုပါက ကျောက်ဖြစ်ရုပ်ကြွင်းများသည် ပုံသဏ္ဍာန်အားဖြင့် ပြောင်းလဲဖြစ်ပေါ်ခြင်းဖြစ်သော်လည်း ယခုမူသစ်ကြားသီးကိုသာမက အခြားအပင်များနှင့် အရွက်များကိုပါ ပုံစံမပျက်တည်ရှိနေသည်ကို တွေ့ရခြင်းဖြစ်သောကြောင့် အအေးဓာတ်၏အာနိသင်သက်ရောက်မှုကို ထင်ရှားစွာမြင်တွေ့ရသည်။

ထို့ပြင် ယခုသစ်ကြားသီးများကိုတွေ့ရှိရာနေရာသည် ပုံမှန်အားဖြင့်သစ်ကြားသီးများကိုမြင်တွေ့ရလေ့ရှိသောနေရာထက် မြောက်ပိုင်းစွန်းပိုကျသည့်နေရာမှတွေ့ရှိရခြင်းဖြစ်သောကြောင့် ထိုသစ်သီးများ၏ အကြောင်းရင်းကိုသာမက ပထဝီမြေမျက်နှာပြင်အခြေအနေများကိုပါ ပိုမိုသိရှိခွင့်ရလိုက်သည်။


Ref: STD

K.H



SPACE

# လပေါ်ရှိမြေကဲ့သို့ မြေဖြင့်ပြုလုပ်သည့်အုတ်ခဲများကို တရုတ်က ထျန်းကုန်းအာကာသစခန်းသို့ ပေးပို့စမ်းသပ်မည်



တရုတ်နိုင်ငံသည် လပေါ်တွင်လူသားများနေထိုင်နိုင်သည့် အခြေစိုက်စခန်းများတည်ဆောက်နိုင်ရေးအတွက် ကြိုးပမ်းမှုတစ်ခုအဖြစ် လပေါ်မှမြေကဲ့သို့သော မြေဖြင့်ပြုလုပ်ထားသည့် အုတ်ခဲများကို ထျန်းကုန်းအာကာသစခန်းသို့ ပေးပို့စမ်းသပ်သွားမည်ဖြစ်သည်။

လပေါ်တွင် လူများအခြေချနေထိုင်ရာစခန်းများတည်ဆောက်နိုင်ရေးအတွက် ကမ္ဘာပေါ်မှဆောက်လုပ်ရေးပစ္စည်းများကို သယ်ဆောင်မသွားနိုင်သည့်အတွက် လပေါ်ရှိပစ္စည်းများဖြင့် တည်ဆောက်နိုင်ရေးမျှော်မှန်းကာ ယခုစမ်းသပ်မှုကိုလုပ်ခြင်းဖြစ်သည်။

ထိုစမ်းသပ်မှုတွင် အုတ်ခဲများအနေဖြင့် ပြင်းထန်လှသောအာကာသပတ်ဝန်းကျင်အခြေအနေကို ခံနိုင်ရည်ရှိ၊ မရှိနှင့် လပေါ်တွင် အခြေချစခန်းတည်ဆောက်နိုင်ရေးအတွက် သင့်လျော်ခြင်းရှိ၊ မရှိကို အကဲဖြတ်သွားမည်ဖြစ်သည်။

အဆိုပါအုတ်ခဲနမူနာများကို ထျန်းကုန်းအာကာသစခန်းသို့ လာမည့်လတွင် Tian-zhou-8 ကုန်တင်အာကာသယာဉ်ဖြင့် ပို့ဆောင်သွားမည်ဖြစ်သည်။

ထျန်းကုန်းအာကာသစခန်းသည် ကမ္ဘာပတ်လမ်းအနိမ့်တွင် ၂၀၂၂ ခုနှစ်ကတည်းက လှည့်ပတ်နေသည့် တရုတ်နိုင်ငံပိုင်အာကာသစခန်းဖြစ်သည်။

Ref: IE

K.H

# SpaceX က အပိုလိုပြီးနောက် လူလိုက်ပါသည့်အဝေးဆုံးအာကာသခရီးကို စက်တင်ဘာလ ၁၀ ရက်တွင် လွှတ်တင်မည်



SpaceX ကုမ္ပဏီက အပိုလိုပြီးနောက် လူလိုက်ပါသည့် အဝေးဆုံးအာကာသခရီးကို စက်တင်ဘာလ ၁၀ ရက်တွင်လွှတ်တင်သွားမည်ဖြစ်သည်။


Polaris Dawn ဟုအမည်ပေးထားသည့် ထိုခရီးစဉ်တွင် လူလေးဦးလိုက်ပါမည်ဖြစ်ပြီး ယင်းခရီးစဉ်သည် သမိုင်းတစ်လျှောက် ပထမဆုံးအဖြစ် အခကြေးငွေပေး အာကာသအတွင်း လမ်းလျှောက်မှုအစီအစဉ်ပါဝင်သောခရီးစဉ်လည်းဖြစ်သည်။

လွှတ်တင်မှုကို စက်တင်ဘာလ ၁၀ ရက် ဂရင်းနစ်စံတော်ချိန် ၇ နာရီ ၃၈ မိနစ်မှ စတင်သည့် လေးနာရီအတွင်းလုပ်ဆောင်သွားမည်ဖြစ်ပြီး လွှတ်တင်မှုလုပ်မည့်နေရာမှာ အပိုလိုရည်မှန်းချက်အတွက် လွှတ်တင်မှုလုပ်သည့် ကနေဒီအာကာသယာဉ် လွှတ်တင်ရေးစခန်းဖြစ်သည်။

Ref: Space

K.H

# အီလွန်မက်က အင်္ဂါဂြိုဟ်သို့ လူစေလွှတ်မည့်အစီအစဉ်ကိုကြေညာ



ကမ္ဘာ့သူဌေးကြီးတစ်ဦး ဖြစ်သည့် အီလွန်မက်က အင်္ဂါဂြိုဟ်ပေါ်သို့ လူစေလွှတ်မည့်အစီအစဉ်ကို ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ ၎င်း၏ SpaceX ကုမ္ပဏီက စေလွှတ်မည့် လူမဲ့အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ပေါ်သို့ ဘေးကင်းစွာဆင်းသက်နိုင်ပါက လေးနှစ်အတွင်းမှာပင် ထိုဂြိုဟ်ပေါ်သို့ လူများကိုစေလွှတ်သွားမည်ဖြစ်ကြောင်း အီလွန်မက်က တရားဝင်ထုတ်ဖော်ပြောလာခြင်းဖြစ်သည်။

ထို့ပြင် အင်္ဂါဂြိုဟ်ပေါ်တွင် လူသားများအခြေချနေထိုင်နိုင်ရေးမျှော်မှန်းချက်ကို နှစ် ၂၀ ထက်နောက်မကျစေဘဲ အကောင်အထည်ဖော်သွားမည်ဟု ၎င်းကဆက်ပြောသည်။

လက်ရှိအချိန်တွင် အင်္ဂါဂြိုဟ်ပေါ်သို့ ကုန်ပစ္စည်းတစ်တန်ပေးပို့ပါက ကုန်ကျစရိတ်မှာ ဒေါ်လာတစ်ဘီလီယံရှိနေသည့်အတွက် ထိုကုန်ကျစရိတ်ကိုလည်း လျှော့ချသွားမည်ဟု အီလွန်မက်က ပြောထားသည်။

Ref: RT

K.H

## တိုင်ဖွန်းမုန်တိုင်းယာဂီကြောင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၌ လူ ၅၉ ဦးသေဆုံးပြီး ၂၄၇ ဦးဒဏ်ရာရရှိထား

**ဟနွိုင်း၊ သဘာဝဘေး**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင်တိုက်ခတ်သွားသည့် အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းယာဂီကြောင့် နောက်ဆက်တွဲမြေပြိုမှုများနှင့် ရေကြီးမှုများဖြစ်ပွားရာ စက်တင်ဘာလ ၉ ရက်မွန်းလွဲပိုင်းအထိ အနည်းဆုံး လူ ၅၉ ဦးသေဆုံးပြီး ၂၄၇ ဦးဒဏ်ရာရရှိထားကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ထို့ပြင် ငါးဖမ်းလှေအများစုပါဝင်သည့် လူမပါသောလှေ ၂၅ စင်းနစ်မြုပ်ကာ သစ်ပင်ပေါင်း ၁၂၀၀၀၀ ကျော်မှာ အမြစ်မှ ကျွတ်ထွက်ခြင်း သို့မဟုတ် ပျက်စီးခြင်း ဖြစ်ပွားသည်ဟု ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အလားတူ ဖူသိုပြည်နယ်ရှိ သံမဏိသံပေါင်တံတားတစ်စင်းကျိုးကျရာ ကား ၁၀ စီးနှင့် ဆိုင်ကယ်နှစ်စီးမှာ မြစ်ထဲပြုတ်ကျသွားသည့်အတွက် လူ ၁၃ ဦးပျောက်ဆုံးနေကြောင်း VNA သတင်းဌာနကဖော်ပြထားသည်။

ယာဂီမုန်တိုင်းသည် အာရှဒေသအတွက် ယခုနှစ်အတွင်း အားအပြင်းဆုံးမုန်တိုင်းဖြစ်သောကြောင့် မုန်တိုင်းဖြတ်သန်းရာလမ်းကြောင်းတစ်လျှောက်ရှိ စက်ရုံ၊ အလုပ်ရုံများအပြင် အခြေခံအဆောက်အဦများစွာမှာလည်း ပျက်စီးမှုများဖြစ်ပွားသည်။

စက်တင်ဘာလ ၇ ရက်တွင်ဝင်ရောက်တိုက်ခတ်သည့် ထိုမုန်တိုင်းသည် ယခုအခါ အနောက်အရပ်သို့ ဦးတည်၍ဆက်လက်ရွေ့လျားလျက်ရှိကြောင်းသိရသည်။

**Ref: Xinhua, RTA**



## ရုရှားက တရုတ်နှင့်ပူးတွဲစစ်ရေးလေ့ကျင့်ရန် တပ်ဖွဲ့များကိုစေလွှတ်မည်

**ပေကျင်း၊ စစ်ရေး**

ရုရှားနိုင်ငံက တရုတ်နိုင်ငံနှင့်ပူးတွဲလုပ်ဆောင်မည့်စစ်ရေးလေ့ကျင့်ခန်းအတွက် တပ်ဖွဲ့များကို စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း တရုတ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက စက်တင်ဘာလ ၉ ရက်တွင် ထုတ်ပြန်ထားသည်။

ရုရှားကစေလွှတ်မည့်တပ်ဖွဲ့များတွင် ရေတပ်နှင့်လေတပ်တို့ပါဝင်မည်ဖြစ်ပြီး စစ်ရေးလေ့ကျင့်ခန်းကို ဂျပန်ပင်လယ်ပြင်၊ အော့ဟော့ဇ်ပင်လယ်ပြင်နှင့် ဝေဟင်ပိုင်နက်တို့၌လုပ်ဆောင်သွားမည်ဖြစ်သည်။

Northern/Interaction–2024 ဟု အမည်ပေးထားသည့် ထိုစစ်ရေးလေ့ကျင့်ခန်းသည် နှစ်နိုင်ငံကြားတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရေး၊ လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကိုတုံ့ပြန်ရာတွင် စွမ်းဆောင်ရည်ပြည့်ဝစေရေးတို့အတွက် ရည်မှန်းဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် စစ်ရေးလေ့ကျင့်ခန်းကိုနှစ်စဉ်ကျင်းပသွားမည်ဖြစ်ကြောင်း တရုတ်အစိုးရ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် တရုတ်နှင့်ရုရှားရေတပ်တို့က ပစိဖိတ်သမုဒ္ဒရာအတွင်း ငါးကြိမ်မြောက်ပူးတွဲကင်းလှည့်ခြင်းကိုဆောင်ရွက်သွားမည်ဖြစ်ကာ ရုရှားနိုင်ငံ၏ Ocean–2024 စစ်ရေးလေ့ကျင့်ခန်းတွင် တရုတ်နိုင်ငံက ပါဝင်သွားမည်ဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**



## အိန္ဒိယက အကြမ်းဖက်သမားများစိမ့်ဝင်ရန်ကြိုးပမ်းမှုကို ဟန့်တားလိုက်နိုင်

**နယူးဒေလီ၊ လုံခြုံရေး**

အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံအတွင်းသို့ အကြမ်းဖက်သမားများ စိမ့်ဝင်ရန်ကြိုးပမ်းမှုကို ဟန့်တားလိုက်နိုင်ကြောင်း ပြည်တွင်းသတင်းဌာနများက စက်တင်ဘာလ ၉ ရက်တွင်ဖော်ပြထားသည်။

အဆိုပါအကြမ်းဖက်သမားများသည် ဂျမ္မူနှင့်ကက်ရှမီးယားဒေသသို့ ဝင်ရောက်ရန်ကြိုးပမ်းခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားအချို့ကို ချေမှုန်းလိုက် နိုင်ကာ သေနတ်သုံးလက်ကိုသိမ်းဆည်းရမိကြောင်း အိန္ဒိယစစ်ဘက်ကထုတ်ပြန်ထားသည်။

ထိုဖြစ်စဉ်သည် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲမကျင်းပမီနှင့် ပါကစ္စတန်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာနေစဉ်ဖြစ်ပွားခြင်းဖြစ်သည်။

ဂျမ္မူနှင့်ကက်ရှမီးယားဒေသကို ယခင်ကကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော်လည်း ၂၀၁၉ ခုနှစ်တွင် အစိုးရ၏လက်အောက်ခံအဖြစ်သို့ ပြန်လည်ရောက်ရှိလာကာ ယခုရွေးကောက်ပွဲများမှာ ၂၀၁၄ ခုနှစ်နောက်ပိုင်း ပထမဆုံးလုပ်ဆောင်ခြင်းဖြစ်ကြောင်းသိရသည်။

**Ref: BP**

# သတင်းတိုကဏ္ဍ

## အစ္စရေးက ဆီးရီးယားရှိစစ်စခန်းများကို လေကြောင်းမှတိုက်ခိုက် သေဆုံးသူ ၁၈ ဦးအထိမြင့်တက်လာ

အစ္စရေးစစ်ဘက်က ဆီးရီးယားနိုင်ငံရှိ စစ်စခန်းများကို စက်တင်ဘာလ ၈ ရက်တွင် လေကြောင်းမှတိုက်ခိုက်မှုများ လုပ်ဆောင်ရာ အရပ်သားများအပါအဝင် သေဆုံးသူ ၁၈ ဦးအထိမြင့်တက်လာကြောင်း သိရသည်။

အဆိုပါတိုက်ခိုက်မှုများသည် သိပ္ပံသုတေသနဌာန ဟဲယားအဘတ်စခန်းနှင့် အခြားနေရာနှစ်ခုကို ဦးတည်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဆီးရီးယားရှိ လူ့အခွင့်အရေးဆိုင်ရာလေ့လာရေးအဖွဲ့ကထောက်ပြသည်။

ထိုသို့တိုက်ခိုက်မှုများကြောင့် စစ်ဘက်အဆောက်အအုံများသာမက အရပ်ဘက်အခြေခံအဆောက်အဦများလည်းပျက်စီးဆုံးရှုံးကြောင်း ဒေသတွင်းသတင်းဌာနများကဖော်ပြထားသည်။

အစ္စရေးသည် ယခုနှစ်တွင် ဆီးရီးယားရှိစစ်စခန်းများကို တိုက်ခိုက်မှုများခပ်စိပ်စိပ်လုပ်ဆောင်လာနေသည်ကို တွေ့ရသည်။

ယင်းသို့တိုက်ခိုက်ရခြင်းသည် အီရန်၊ ဟစ်ဇဘိုလာတို့နှင့်ဆက်စပ်နေသောအဖွဲ့များရှိနေနိုင်သည့်နေရာများကို ချေမှုန်းခြင်းဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

## ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိမျောက်ကျောက်ရောဂါဖြစ်ပွားနေသူ ၁၄ ဦးအထိရှိလာ

ဖိလစ်ပိုင်နိုင်ငံ၌ လက်ရှိတွင်မျောက်ကျောက်ရောဂါဖြစ်ပွားနေသူ ၁၄ ဦးအထိရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာလ ၉ ရက်တွင် ပြောသည်။

ယခုတွေ့ရှိသမျှသော ရောဂါပိုးမှန်သမျှသည် ပြင်းထန်မှုမရှိသည့် Clade II အမျိုးအစားရောဂါပိုးသာဖြစ်ကြောင်းနှင့် သေဆုံးသူတစ်ဦးမျှမရှိသေးကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ရှိရောဂါဖြစ်ပွားသူများအပါအဝင် ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၂၂ ခုနှစ် ဇူလိုင်လမှစ၍ မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၂၃ ဦးသာရှိသေးသောကြောင့် ထိုရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ထားနိုင်နေဆဲဖြစ်သည်ဟု ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် အဆိုပါရောဂါဖြစ်ပွားမှုနှင့်ရင်ဆိုင်နေရသည့်တိုင် နယ်စပ်ဒေသထိန်းချုပ်ရေး၊ လူများကိုသီးသန့်ခွဲထားရေး၊ လော့ဒေါင်းများချမှတ်ရေးတို့ကို ဆောင်ရွက်ရန်စီစဉ်ထားခြင်းမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနလက်ထောက်အတွင်းရေးမှူးကပြောသည်။

**Ref: Xinhua**

## အာဖဂန်နစ္စတန်မှ ဖရိုဖရဲဆုတ်ခွာမှုအတွက် ဘိုင်ဒင်ကို ရီပတ်ဘလစ်ကန်များက ပြင်းထန်စွာဝေဖန်ထား

၂၀၂၁ ခုနှစ်တွင် အမေရိကန်၌ ဂျိုးဘိုင်ဒင်က သမ္မတအဖြစ်တာဝန်ယူပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံအတွင်းမှ ဖရိုဖရဲဖြင့်ဆုတ်ခွာလာရမှုအတွက် ရီပတ်ဘလစ်ကန်အမတ်များက ဘိုင်ဒင်ကိုပြင်းထန်စွာဝေဖန်ထားကြောင်း စက်တင်ဘာလ ၈ ရက် ထုတ်ပြန်ချက်တစ်ခုတွင်ဖော်ပြထားသည်။

ဘိုင်ဒင်အစိုးရအနေဖြင့် အာဖဂန်အစိုးရလျင်မြန်စွာပြိုလဲခြင်းမရှိစေရန် အစီအစဉ်ကိုအကောင်အထည်ဖော်ရာ၌ လိုအပ်သည့်နည်းလမ်းများကိုရှာမှီးရန်နှင့် သတင်းအချက်အလက်များရရှိရန် အခွင့်အရေးရှိခဲ့ကြောင်း နှစ်ပါတီ၏စုံစမ်းစစ်ဆေးမှုတွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့များဆုတ်ခွာသွားပါက အာဖဂန်အစိုးရအနေဖြင့် တာလီဘန်တို့ကို လပေါင်းများစွာကြာခုခံနိုင်ဦးမည်ဟု ဘိုင်ဒင်အစိုးရက ခန့်မှန်းသုံးသပ်သော်လည်း အာဖဂန်စစ်ဘက်က အချိန်တိုအတွင်းမှာပင် ပြိုလဲသွားရခြင်းဖြစ်သည်။ ထို့ပြင် ယင်းသို့ဖရိုဖရဲဆုတ်ခွာမှုကြောင့် ပြန်ခါနီးမှ အမေရိကန်စစ်သည် ၁၃ ဦးသေဆုံးသည်။

**Ref: RT**

## အီလွန်မက်က ကမ္ဘာ့ပထမဆုံးထရီလီယံနာဖြစ်လာတော့မည်

နည်းပညာကုမ္ပဏီများထူထောင်ကာ ကြွယ်ဝချမ်းသာလာသော အီလွန်မက်က ၂၀၂၇ ခုနှစ်အရောက်တွင် ကမ္ဘာ့ပထမဆုံးထရီလီယံနာအဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း သုတေသနတစ်ခုကဖော်ပြထားသည်။

သုတေသနအဖွဲ့သည် အီလွန်မက်၏ နှစ်စဉ်ချမ်းသာကြွယ်ဝမှုတိုးတက်နှုန်းကို တွက်ချက်ကာ ယခုကဲ့သို့ထုတ်ပြန်ထားခြင်းဖြစ်သည်။ အီလွန်မက်သည် လက်ရှိတွင် အမေရိကန်ဒေါ်လာ ၂၄၇ ဘီလီယံပိုင်ဆိုင်ပြီး ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ်ဆက်လက်ရပ်တည်နေသည်။

အီလွန်မက်သည် တက်စလာကုမ္ပဏီနှင့် SpaceX ကုမ္ပဏီအပါအဝင် ကုမ္ပဏီပေါင်းခြောက်ခုကို ပူးတွဲတည်ထောင်ထားသူဖြစ်သည်။

တက်စလာကုမ္ပဏီ၏ဈေးကွက်တန်ဖိုးမှာ ဒေါ်လာ ၆၆၉ ဒသမ ၂၈ ဘီလီယံရှိကာ လာမည့်နှစ်တွင် ဒေါ်လာထရီလီယံအထိ တန်ဖိုးမြင့်တက်လာနိုင်သည်ဟု သုတေသီများကခန့်မှန်းထားသည်။

**Ref: RT**

# ခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၉

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ Multipurpose Hall ၌ ကျင်းပသည်။


အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းသို့ တက်ရောက်သည့် သင်တန်းသားများသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး၏ ရိုးရာခြင်းလုံးပြိုင်ပွဲတွင် တာဝန်ယူကြမည့် ခြင်းလုံးပညာရှင်များဖြစ်သည့် နည်းပြများနှင့် ဒိုင်လူကြီးများဖြစ်သည့်အတွက် သင်တန်းတွင် မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ ပြုပြင်ပြောင်းလဲထားသည့် ခြင်းခတ်ပေါက်သတ်မှတ်ချက်များ၊ ခတ်နည်းအမှား၊ အမှန်များကို အချိန်နှင့်တစ်ပြေးညီသိရှိစေရန် နည်းပြလက်စွဲစာအုပ်ပြုစုထုတ်ဝေဖြန့်ချိပေးသွားမည့်အပြင် Projector နှင့် CD ခွေများကိုအသုံးပြု၍ ပြသသင်ကြားပေးသွားမည်ဖြစ်၍ အမျိုးသားအားကစားပွဲတော်ကြီးအတွက် အကျိုးရှိထိရောက်မည့် အဆင့်မြင့်မွမ်းမံသင်တန်းတစ်ခုဖြစ်ကြောင်း၊ ပြိုင်ပွဲတစ်ခု၏ အနိုင်၊ အရှုံးသည် ဒိုင်လူကြီးများ၏ သမာသမတ်ကျမှုအပေါ် မူတည်နေသည့်အတွက် ဒိုင်လူကြီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း ပြောကြားသည်။



အဆိုပါသင်တန်းကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၉ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

# တောင်ငူမြို့နယ်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ်ထိန်းသိမ်းနိုင်ရေး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုဆောင်ရွက်



တောင်ငူ စက်တင်ဘာ ၉

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့နယ်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ဖော်ထုတ် ထိန်းသိမ်းနိုင်ရေး ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူမြို့ ကေတုမတီရှေးဟောင်းကျုံး ယိုးဒယားပေါက်သို့ ရောက်ရှိခဲ့ပြီး ကျုံးပတ်လမ်း သန့်ရှင်းသာယာလှပမှုရှိစေရေး၊ လမ်းမီးများ ပြန်လည်ကောင်းမွန်စေရေး ပြင်ဆင်ရန်နှင့် မြေယာရှုခင်းအလှများပြန်လည်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကေတုမတီမြို့ဟောင်း တည်ဆောက်ရာတွင် မြို့တံခါး ၂၀ ပေါက်၊ သိမ်ကျောင်း၂၀ ခုရှိပြီး ယခုအခါ သိမ်ကျောင်းနေရာ ၁၁ ခုသာ ပြန်လည်ဖော်ထုတ်နိုင်မှုနှင့်ပတ်သက်၍ ကြာနီကန်ပရိယတ္တိစာသင်တိုက်အတွင်းရှိ မဟာပရက္ခမသိမ်နေရာ ကျောက်ပန္နက်တိုင်များအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကြာနီကန်ကျောင်း ပဓာနနာယကဆရာတော်များအား ဖူးမြော်၍ သာသနာရေးဆိုင်ရာများလျှောက်ထားခဲ့ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်အောင်မြင်တံခါး(ခ) မင်္ဂလာတံခါးပေါက်သို့ ရောက်ရှိခဲ့ပြီး ကျုံးအတွင်းပတ်လမ်း ဖောက်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ၎င်းနောက် စင်တံခါးပေါက်အနီးရှိမြို့ရိုးနှင့် ကျုံးရေပြင်မှ ဗေဒါပင်များဆယ်ယူနေမှုလုပ်ငန်းအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့ရိုးအောက်ခြေအထိ ဆက်လက်တူးဖော်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး ထိန်းသိမ်းခြင်းလုပ်ငန်းများအား စနစ်တကျဆောင်ရွက်ရန်၊ ကျုံးအတွင်း ရေဝင်ရေထွက် ကောင်းမွန်မှုရှိစေရေး၊ ရေခန်းခြောက်မှုမရှိစေရေး အခြားရေအရင်းအမြစ်များရှာဖွေ၍ ရေဖြည့်သွင်းခြင်းများ ဆောင်ရွက်သွားရန်၊ ကျုံးအတွင်း ဗေဒါပင်များအား ဒေသဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်၍ တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ကေတုမတီ ရှေးဟောင်းကျုံးပတ်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စုရှိ တောင်သူဒေါ်ခင်ငြိမ်း၏ မိုးစပါးစိုက်ကွေများ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ရောစပ်ကြဲပက်နေမှုအား ကြည့်ရှုအားပေးခဲ့ပြီး မိုးစပါးနှင့် နွေစပါးအပြင် ကြားသီးနှံအဖြစ် ပဲတီစိမ်းထပ်မံစိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၀၁)၊ **တင်စိုး(ပဲခူး)**

# ခြေစမ်းပွဲစဉ်တွင် မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းက ထိုင်းကလပ် Kasem Bundit University အသင်းကို ၅ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ

ရန်ကုန် စက်တင်ဘာ ၉

၂၀၂၅ အာရှ ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်သည့်အနေဖြင့် ထိုင်းနိုင်ငံတွင်စခန်းသွင်းလေ့ကျင့်မှုများလုပ်ဆောင်နေသည့်မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းသည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ Windmill Football Training Ground တွင် ထိုင်းကလပ်အသင်းတစ်သင်းဖြစ်သည့် Kasem Bundit University အသင်းနှင့်ကစားခဲ့ရာ ၅ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းက အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၇ မိနစ်တွင် ကောင်းခန့်ကျော်ကလည်းကောင်း၊ ပွဲချိန် ၁၂ မိနစ်နှင့် ၃၆ မိနစ်တို့တွင် စောဆဲကပေါ်ဆေးကလည်းကောင်း အသီးသီးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် ၃ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းတွင်လည်း မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းက ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၄၇ မိနစ်တွင် ဝင်းပြည့်မောင်ကလည်းကောင်း၊ ပွဲချိန် ၇၈ မိနစ်တွင် မင်းမော်ဦးကလည်းကောင်း မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းအတွက် သွင်းဂိုးများဆက်လက်သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းက Kasem Bundit University အသင်းကို ၅ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းသည် ထိုင်းနိုင်ငံ လေ့ကျင့်ရေးခရီးစဉ်အတွင်း ပထမဆုံးခြေစမ်းပွဲစဉ်အဖြစ် စက်တင်ဘာလ ၅ ရက်က ကစားခဲ့ရာ ၃ ဂိုး ၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယမြောက်ပွဲစဉ်တွင် Kasem Bundit University အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၂၀ အသင်းနှင့် ကစားခဲ့သည့် Kasem Bundit University အသင်းသည် ထိုင်းလိဂ်-၃ တွင် ကစားနေသည့် အသင်းတစ်သင်းဖြစ်ပြီး ထိုင်းလူမျိုးကစားသမားအများစုနှင့် ပြည်ပကစားသမားအချို့နှင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် အသင်းတစ်သင်းဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ထိုင်းလိဂ်-၃ ၌ အဆင့်(၅)နေရာတွင် ရပ်တည်နိုင်ခဲ့သည့် အသင်းတစ်သင်းဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**



# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာသစ် ၅၉ ဦးတွေ့ရှိ

နေပြည်တော် စက်တင်ဘာ ၉

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁-၉-၂၀၂၄ ရက် ည ၈ နာရီမှ ၈-၉-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၈၈၃၄ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၉ ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၃၁ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်- ၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Visitstump နှင့်အဖွဲ့အား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး လက်ခံတွေ့ဆုံ

**ဘားအံ စက်တင်ဘာ ၉**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Visitstump နှင့်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ(၂)၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့တို့သည် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ အကြမ်းဖက်လုပ်ငန်းများနှင့်တရားမဝင်ကုန်သွယ်မှုများ တားဆီးနှိမ်နင်းနိုင်ရေး၊ တရားဝင် MoU အလုပ်သမားများအား ဥပဒေအကာအကွယ်ပေးနိုင်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက် ရေးဆိုင်ရာကိစ္စရပ်များကို အဓိကထားဆွေးနွေးခဲ့ကြပြီး အပြန်အလှန်အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရာဇဝတ်အထူးအယူခံမှု (၇)မှုနှင့် တရားမအထူးအယူခံမှု (၂)မှုတို့ကိုစီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၆)မှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် စက်တင်ဘာ ၉**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးနှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မောင်ကြီး၊ ဒေါ်ခင်မေရီ၊ ဒေါ်ပြုံးပြုံးအေးနှင့် ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၆/၂၀၂၄ (မန္တလေး)၊ ၇/၂၀၂၄ (မန္တလေး)၊ ၈/၂၀၂၄ (မန္တလေး)၊ ၉/၂၀၂၄ (မန္တလေး)၊ ၁၀/၂၀၂၄ (မန္တလေး)၊ ၁၁/၂၀၂၄ (မန္တလေး)၊ ၁၂/၂၀၂၄ (မန္တလေး) နှင့် တရားမအထူးအယူခံမှုအမှတ် ၃၈/၂၀၂၄ (စစ်ကိုင်း)၊ ၄၇/၂၀၂၄(ရန်ကုန်)၊ စုစုပေါင်းရာဇဝတ်အထူးအယူခံမှု (၇)မှုနှင့် တရားမအထူးအယူခံမှု(၂)မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၃၆/၂၀၂၄ (မန္တလေး)၊ ၄၃/၂၀၂၄ (ရန်ကုန်)၊ ၄၄/၂၀၂၄ (ရန်ကုန်)၊ ၄၈/၂၀၂၄ (ရန်ကုန်)၊ ၄၉/၂၀၂၄ (မွန်)၊ ၅၁/၂၀၂၄ (ရန်ကုန်)၊ စုစုပေါင်း တရားမအထူးအယူခံမှု (၆)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)မှ တာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် တွေ့ဆုံ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးမှာကြား

**နေပြည်တော် စက်တင်ဘာ ၉**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် စက်တင်ဘာလ ၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သို့ရောက်ရှိပြီး သံရည်ကျိုအလုပ်ရုံ အမှတ်(၁)တွင် သံရည်ကျိုလုပ်ငန်းဆောင်ရွက်နေမှု၊ လေးထောင့်ပုံသံမဏိချောင်းများထုတ်လုပ်နေမှု၊ အောက်ဆီဂျင်အလုပ်ရုံ လည်ပတ်နေမှု၊ သံရည်ကျိုအလုပ်ရုံ အမှတ်(၂) လည်ပတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။





ထို့နောက် ဒုတိယဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)သည် နိုင်ငံပိုင်သံမဏိစက်ရုံဖြစ်၍ထုတ်လုပ်သည့်သံမဏိချောင်းများ၏ အရည်အသွေးအား သတ်မှတ်စံချိန်စံညွှန်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်ရှိ စနစ်တကျစစ်ဆေးဆောင်ရွက်ရန်နှင့် စက်ရုံမှ ထုတ်လုပ်သော လေးထောင့်ပုံသံမဏိချောင်းများမှတစ်ဆင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံမဏိချောင်းအမျိုးမျိုး ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်၍ အရည်အသွေးကောင်းမွန်စေရေးအလေးထားဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက်လိုအပ်သော ကုန်ကြမ်းပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို ကြိုတင်ဝယ်ယူ ဖြည့်တင်းထားရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၃၉/မမ/CME | - 2V-250 Ah Wet Cell Battery (720)Nos<br>- 2V-300 Ah Wet Cell Battery (720)Nos<br>- 12V-65 Ah Rechargeable Sealed Lead Acid Battery (30) Nos<br>ဝယ်ယူရန် |
| ၂ | ၂၄၀/မမ/CE | **ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း**<br>ပန်းလှိုင်ဘူတာနှင့် ကြည့်မြင်တိုင်ဘူတာကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၁၀၄၅-ပေ) |
| ၃ | ၂၄၁/မမ/CE | ကြည့်မြင်တိုင်ဘူတာနှင့် ဟံသာဝတီဘူတာကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၈၅၀-ပေ) |
| ၄ | ၂၄၂/မမ/CE | ဟံသာဝတီ-လှည်းတန်း-ကမာရွတ်ဘူတာကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၆၅၀-ပေ) |
| ၅ | ၂၄၃/မမ/CE | ကမာရွတ်ဘူတာနှင့် သီရိမြိုင်ဘူတာကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(၁၀၅၀-ပေ) |
| ၆ | ၂၄၄/မမ/CE | သီရိမြိုင်ဘူတာနှင့် အုတ်ကျင်းဘူတာကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း(၈၅၀-ပေ) |
| ၇ | ၂၄၅/မမ/CE | သမိုင်း-သမိုင်းမြို့သစ်-ကြို့ကုန်းဘူတာကြားတွင် အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း (၈၅၀-ပေ) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၃-၉-၂၀၂၄)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၉-၉-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန
## "အိတ်ဖွင့်တင်ဒါကြော်ငြာစာ"(ဒုတိယအကြိမ်)

၁။ မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့ရှိ ကျန်ရှိသော ဓာတ်မြေသြဇာကြားစခန်းမြေ(၂)ကေအား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တည်နေရာ | အကြောင်းအရာ | အရေအတွက် |
|---|---|---|---|
| ၁။ | စဉ့်ကိုင်မြို့နယ်(ပလိပ်) | ဓာတ်မြေသြဇာကြားစခန်းမြေ | ၂ ဧက |

(က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - (၉-၉-၂၀၂၄)

( ခ ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - (၂၉-၉-၂၀၂၄) (၁၆:၃၀)နာရီ

( ဂ ) တင်ဒါတင်သွင်းရမည့်နေရာ - တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးမြို့။

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၉၂၀၇၄၅၆၈၊ ၀၂-၂၈၄၈၆၅၆ များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### အမည်ပြောင်း
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အ.ထ.က (ညောင်လွန့်) Grade-12(A) မှ ပညာသင်ကြားနေသော အဘဦးကျော်ကျော်ဦး ၆/ထဝန(နိုင်) ၀၇၃၀၉ ၏သမီး မမျိုးစန္ဒာအား မမျိုးသန္ဒာ ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မမျိုးသန္ဒာ**

### ဖခင်အမည်မှန်
နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက် အ.ထ.က(၈) Grade-12 မှ ပညာသင်ကြားနေသော မအိအိပို၏ဖခင် ဦးမောင်မောင်ငွေ၏အမည်မှန်မှာ ဦးမောင်ငွေ ၉/ကပတ(နိုင်)၁၈၁၂၈၄ ဖြစ်ပါကြောင်း။ **ဦးမောင်ငွေ**

### ဖခင်အမည်မှန်
နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဗလသိဒ္ဓိရပ်ကွက် အ.ထ.က(၈) Grade-9 မှ ပညာသင်ကြားနေသော မအိအိစံ၏ဖခင် ဦးမောင်မောင်ငွေ၏အမည်မှန်မှာ ဦးမောင်ငွေ ၉/ကပတ(နိုင်)၁၈၁၂၈၄ ဖြစ်ပါကြောင်း။ **ဦးမောင်ငွေ**

### ပျောက်ဆုံးကြောင်း
ဦးထွန်းစိန်(ဘ)ဦးပီနောင် ၁၀/ရမန(နိုင်) ၀၇၁၀၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### မိခင်အမည်မှန်
လယ်ဝေးမြို့၊ အ.ထ.က(ခွဲ) သာယာကုန်း Grade-12 မှ မဇင်မင်းခိုင်၏မိခင်အမည်မှန်မှာ ဒေါ်မာငွေ ၉/လဝန(နိုင်)၁၄၄၉၂၀ ဖြစ်ပါကြောင်း။
**ဒေါ်မာငွေ**

### ဖခင်အမည်မှန်
လယ်ဝေးမြို့နယ်၊ မဒေ့ါပင်အုပ်စု ဂုဏ်မင်းမြောင်ရွာ အ.ထ.က(ခွဲ) Grade-11 တွင် ပညာသင်ကြားနေသော မအိသဲပို၏ဖခင်အမည်မှန်မှာ ဦးလင်းထိုက်အောင် ၉/လဝန(နိုင်)၂၁၀၃၂၆ ဖြစ်ပါကြောင်း။ **ဦးလင်းထိုက်အောင်**

### ပျောက်ဆုံးကြောင်း
ဦးဇော်ဝင်းနိုင်(ဘ)ဦးမာမက်မူဆာ ၁၀/မလမ(နိုင်) ၁၅၂၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(A 344514)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

### ပျောက်ဆုံးကြောင်း
မာလာမြင့်(ဘ)ဦးမောင်ပု ၉/ဝတန(နိုင်) ၁၆၅၄၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၃၀၄၅၅၈၂

### မိခင်အမည်မှန်
တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် အ.ထ.က တနင်္သာရီကျောင်း Grade-7 မှ မပန်ရွှယ်သူ၏မိခင်အမည်မှန်မှာ ၆/တသရ(နိုင်)၀၂၂၈၈၇ ကိုင်ဆောင်သူ ဒေါ်ညိုညိုသဲလှိုင် ဖြစ်ပါကြောင်း။ **ဒေါ်ညိုညိုသဲလှိုင်**

### ပျောက်ဆုံးကြောင်း
မန္တင်းယုနိုင်(ဘ)ဦးကျော်မင်းနိုင် ၇/ရတန(နိုင်)၁၃၂၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 528969)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၁၉၁၁၉၅

### ပျောက်ဆုံးကြောင်း
မနီနီမြင့်(ဘ)ဦးအေးမြင့် ၁၂/ရပသ(နိုင်) ၀၇၃၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၆၇၈၈၃၄၄

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ အထက(ပန်းတင်)၊ Grade-11 မှ မောင်ခန့်လင်းကို၏ဖခင်အမည်မှန်မှာ ဦးမင်းမင်းဦး ၇/ကပက(နိုင်)၀၉၁၆၈၃ ဖြစ်ပါကြောင်း။
**ဦးမင်းမင်းဦး**

### ပျောက်ဆုံးကြောင်း
မောင်စိုးမင်းဦး(ဘ)ဦးဟာရှင် ၁၂/လမန(နိုင်) ၁၃၅၉၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ခင်လင်းထွန်း(ဘ)ဦးစောလှမောင် ၁၁/ပဏတ (နိုင်)၀၇၄၁၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MG 461766)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၃၂၇၃၅၅

### ပျောက်ဆုံးကြောင်း
လှငွေးငွေးမူ(ဘ)ဦးတင်ဦး ၁၂/မရက(နိုင်) ၁၀၀၂၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(ME 587624)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၂၆၉၅၅

### ပျောက်ဆုံးကြောင်း
သဇင်ခိုင်(ဘ)ဦးဝင်းဦး ၅/ကလန(နိုင်) ၀၈၆၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH 486013)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၂၈၂၀၅၇၂

### ပျောက်ဆုံးကြောင်း
ဆန်နီ(ဘ)ဦးမောင်ညို ၁၂/တမန(နိုင်) ၀၇၀၂၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(M 727833)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၉၅၇၈

### ပျောက်ဆုံးကြောင်း
ခင်ချိုမာ(ဘ)ဦးလှကျော်မောင် ၁၂/ရပသ (နိုင်)၁၉၆၀၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MB 264649)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၈၉၀၁၀၃၇၆၈

### ပျောက်ဆုံးကြောင်း
ခင်မိုးမြင့်(ဘ)ဦးအောင်သိန်း ၅/အတန(နိုင်) ၀၈၂၀၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၇၂၃၂၆၉

### ပျောက်ဆုံးကြောင်း
ခန့်ညားသူ(ဘ)ဦးစိုးမြင့်ဦး ၁၂/ရပသ(နိုင်) ၀၈၉၁၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 314685)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၂၁၉၆၅၂

### ပျောက်ဆုံးကြောင်း
ဥမ္မာဆွေ(ဘ)ဦးတင်ဝ ၁၄/မအန(နိုင်) ၁၇၉၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MB 058790)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

### ပျောက်ဆုံးကြောင်း
အိုက်ယုံ(ဘ)ဦးလောအိုက် ၁၃/လရန(နိုင်) ၀၉၁၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မေမဉ္ဇူအေး(ဘ)ဦးခင်မောင်အေး ၁၂/ဥကမ (နိုင်)၂၆၀၇၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 778648)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၇၇၉၅၈၅၆၃၉

### ပျောက်ဆုံးကြောင်း
မင်းမင်းစိုး(ဘ)ဦးရွှေဝင်း ၁၀/ခဆန(နိုင်) ၁၀၉၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(M 281316)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

### ပျောက်ဆုံးကြောင်း
ဇာဇာဝင်း(ဘ)ဦးခင်မောင်ထွေး ၉/တကန (နိုင်)၂၃၅၅၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MC 748156)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏**

### ပျောက်ဆုံးကြောင်း
ဈေးသစ်ရပ်ကွက်၊ ဟားခါးမြို့နေ မရှိကျန်မွေး(ဘ)ဦးသွမ်ပန်း ၄/ဟခန(နိုင်) ၀၅၇၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MG 791405) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၇၇၃၁၅၅၉

### ပျောက်ဆုံးကြောင်း
ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၁)ရပ်ကွက်၊ အမှတ်(၁၁၄)နေ မောင်ဦးလှမောင်(ဘ) ဦးထွန်းထွန်း ၁၂/ဒဂဆ(နိုင်)၀၁၈၃၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 534967)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
တွံတေးမြို့၊ ရွှေဆံတော်ရပ်ကွက်နေ အောင်သူဟိန်း(ဘ)ဦးဇော်ဖေ ၁၂/ တတန (နိုင်)၁၈၅၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၆၁၀၀၁၀၀




## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## လေလံကြော်ငြာ

၁။ MIP, AWPT & HPT ဆိပ်ကမ်းများရှိ တစ်နှစ်ကျော်နှင့် စွန့်လွှတ်လေလံကုန်သေတ္တာ (၄၈)လုံးအတွင်းရှိ Clear Float Glass, Contraction Materials, House Old Goods (MELAMINE), Water Pump, Electrical Goods Accessories, Heater, Ceramic Tine, Indian Trumpet Flower, Acori Tatarinowii Rhizoma, Luggage Casess (Raw Material),Powder Coating, Door With Frane & Handle for Door (Brand New)နှင့် LCL Shipment (၁)ခု စသည့် ကုန်ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း(၂၆-၉-၂၀၂၄)ရက်နေ့ (၁၃:၀၀)နာရီအချိန်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရား၊ အနောက်ဘက်၊ ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် ၁၂-၉-၂၀၂၄ ရက်နေ့မှ ၂၄-၉-၂၀၂၄ ရက်နေ့အထိ ရုံးဖွင့်ရက်/ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၁-၈၆၁၀၂၃၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးကော်မတီ**

## "MERCIFUL GEMS COMPANY LIMITED."
## ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ "MERCIFUL GEMS COMPANY LIMITED" ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၂၄ ခုနှစ်၊ ၉လ၊ ၈ရက်နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အားခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန်ကြေညာလိုက်ပါသည်။

| | |
|---|---|
| **ဦးဇင်ဝေ** | **U AUNG KYAW ZIN** |
| **B.Com(AA)C.P.A(210)** | **MANAGING DIRECTOR** |
| **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** | **MERCIFUL GEMS COMPANY LIMITED** |

### ပျောက်ဆုံးကြောင်း
မြင့်အောင်(ဘ)ဦးချစ်တင် ၁၂/ဗဟန(နိုင်) ၀၇၂၇၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MB 739105)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၅၅၂၇၄

### ပျောက်ဆုံးကြောင်း
ခင်ကုဋေထွန်း(ဘ)ဦးထွန်းထွန်း ၈/မဘန (နိုင်)၁၆၆၅၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MH 835285)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၂၅၆၃၃၁၄၉၅

### ပျောက်ဆုံးကြောင်း
ထက်ထက်မွန်(ဘ)ဦးမြင့်အောင် ၅/ရဘန (နိုင်)၂၃၂၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MD460713)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

### ပျောက်ဆုံးကြောင်း
ထက်ထက်လွင်(ဘ)ဦးကြည်ရှိန် ၉/တကန (နိုင်)၂၀၅၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MB 600905)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

### ပျောက်ဆုံးကြောင်း
အောင်ဖြိုးကျော်(ဘ)ဦးစိုးမောင် ၁၂/မဘန (နိုင်)၁၄၆၄၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
တင်မျိုးအောင်(ဘ)ဦးမြင့်ရှိန် ၉/ရမသ(နိုင်) ၁၈၉၂၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ အနီဃာလမ်း၊ ၃၆(က)နေ ဒေါ်မြမြစန်း(ဘ) ဦးမောင်ရွှေ ၁၂/ဗတထ(နိုင်)၀၂၁၃၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 539190)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ တပ်ကုန်းမြို့၊ ပိတောက်ကုန်းရွာနေ ကျော်မင်းမင်းစိုး (ဘ)ဦးကျော်ငြိမ်း ၉/တကန(နိုင်) ၁၃၆၂၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(MD 873459) မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၇၆၇၄၂၀၇၇၅

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ပီအက်စ်ဂျီအသင်းက နည်းပြအင်းနရစ်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် မကြာမီဆွေးနွေးမှုများပြုလုပ်ဖွယ်ရှိ

ပဲရစ် စက်တင်ဘာ ၉

ပီအက်စ်ဂျီအသင်းက အသင်းမှ နည်းပြအင်းနရစ်ကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် မကြာမီ ဆွေးနွေးမှုများပြုလုပ်ဖွယ်ရှိကြောင်း သိရသည်။

အသက် ၅၄ နှစ်အရွယ် စပိန်အသင်းနှင့် ဘာစီလိုနာအသင်းနည်းပြဟောင်း အင်းနရစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး လက်ရှိအသင်းနှင့်စာချုပ်သက်တမ်းမှာ ၂၀၂၅ ခုနှစ် ဇွန်လကုန်တွင် ကုန်ဆုံးမည်ဖြစ်ရာ နောက်ထပ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုသည့်အတွက် မကြာမီ ဆွေးနွေးမှုများပြုလုပ်မည်ဖြစ်သည်။

နည်းပြအင်းနရစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ ပထမဆုံးဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်နိုင်အောင်စွမ်းဆောင်နိုင်ခဲ့ပြီး ပြင်သစ်လီဂူးပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ကာ ပြင်သစ်စူပါဖလားနှင့် ပြင်သစ်ကိုပါဒယ်ရေးဖလားတို့ကိုလည်း ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကလည်း နည်းပြအင်းနရစ်၏စိတ်တိုင်းကျကစားသမားများကို ခေါ်ယူပေးပြီးနောက် အသင်း၏ရေရှည်အနာဂတ်စီမံကိန်းတွင် နည်းပြအင်းနရစ်ကို ထည့်သွင်းထားသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် မကြာမီ ဆွေးနွေးမှုများ ပြုလုပ်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Football365*




# ခံစစ်ကစားသမား ကာလာဖီအိုရီ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲဝင် အီတလီအသင်းကစားသမားစာရင်းမှနုတ်ထွက်ပြီး အာဆင်နယ်အသင်းနှင့်ပြန်လည်ပူးပေါင်း၍ ဆေးကုသမှုများလုပ်ဆောင်မည်

လန်ဒန် စက်တင်ဘာ ၉

အီတလီအသင်းနှင့် အာဆင်နယ်အသင်း အဓိကခံစစ်ကစားသမားတစ်ဦးဖြစ်သည့် ကာလာဖီအိုရီသည် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကစားနေသည့် အီတလီအသင်းကစားသမားစာရင်းမှနုတ်ထွက်ပြီး အာဆင်နယ်အသင်းနှင့်ပြန်လည်ပူးပေါင်း၍ ဆေးကုသမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ကာလာဖီအိုရီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘိုလေ့ဂ်နာအသင်းနှင့်ခြေစွမ်းပြကစားနိုင်သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း အာဆင်နယ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် အီတလီအသင်း၌ ရွေးချယ်ခံခဲ့ရသည်။

ကာလာဖီအိုရီသည် ပြီးခဲ့သည့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် အီတလီအသင်းနှင့် ပြင်သစ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် ညို့သကျည်းဒဏ်ရာရရှိခဲ့ပြီးနောက် လက်ရှိအချိန်တွင် အနားယူနေရပြီး အီတလီအသင်းနှင့် အာဆင်နယ်အသင်းတို့က ကာလာဖီအိုရီ၏ဒဏ်ရာသည် ပြင်းထန်မှုမရှိဘဲ အသေးစားဒဏ်ရာသာဖြစ်ကြောင်း အသီးသီး ထုတ်ပြန်ထားသည်။

၎င်းကို အီတလီအသင်းကလည်း အသင်းကစားသမားစာရင်းမှ နုတ်ထွက်ရန်ခွင့်ပြုပြီးနောက် ကာလာဖီအိုရီသည် လန်ဒန်မြို့သို့ လာရောက်ကာ အာဆင်နယ်အသင်းနှင့်ပူးပေါင်းပြီး ဒဏ်ရာနှင့်ပတ်သက်၍ ဆေးကုသမှုများ လုပ်ဆောင်မည်ဖြစ်သည်။

ကာလာဖီအိုရီအနေဖြင့် ဒဏ်ရာမပြင်းထန်သော်လည်း လာမည့်စပါးအသင်းနှင့်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေပြီး ချန်ပီယံလိဂ်ပွဲစဉ်ဖြစ်သည့် အတ္တလန်တာအသင်းနှင့်ပွဲစဉ်မှသာ ပြန်လည်ပါဝင်ကစားနိုင်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Football London*

# ဆော်ဒီလိဂ်နှင့် တူကီယဲလိဂ်တို့မှအသင်းများ၏ ကမ်းလှမ်းမှုများကို ရာဘီယော့ငြင်းဆန်ပြီး ဥရောပထိပ်တန်းလိဂ်ငါးခုမှတစ်သင်းသို့သာ ပြောင်းရွှေ့ရန်စီစဉ်



ပဲရစ် စက်တင်ဘာ ၉

ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ကွင်းလယ်ကစားသမား ရာဘီယော့က ဆော်ဒီပရိုလိဂ်ပြိုင်ပွဲနှင့် တူကီယဲလိဂ်ပြိုင်ပွဲတို့မှ ထိပ်တန်းအသင်းများ၏ကမ်းလှမ်းမှုများကို ငြင်းဆန်ခဲ့ပြီး ဥရောပထိပ်တန်းလိဂ်ငါးခုဖြစ်သည့် ပရီးမီးယားလိဂ်၊ စပိန်လာလီဂါ၊ အီတလီစီးရီးအေ၊ ဂျာမန်ဘွန်ဒက်စ်လီဂါနှင့် ပြင်သစ်လီဂူးတို့မှ ကလပ်အသင်းတစ်သင်းသို့သာ ပြောင်းရွှေ့ကစားရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ် ရာဘီယော့သည် ၂၀၁၉ ခုနှစ်က ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ဂျူဗင်တပ်စ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီအကုန် ဇွန်လအကုန်က အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် လမ်းခွဲခဲ့ကာ လက်ရှိအချိန်ထိ ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

အစောပိုင်းက ဂျူဗင်တပ်စ်အသင်းက ရာဘီယော့ကို လက်မလွှတ်လိုသည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်ခဲ့သော်လည်း လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေဖြစ်ခဲ့ပြီးနောက် ဂျူဗင်တပ်စ်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည့်အစီအစဉ်ကိုရုပ်သိမ်းပြီး လမ်းခွဲခဲ့ခြင်းဖြစ်သည်။

ရာဘီယော့သည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းနှင့်အပြောင်းအရွှေ့သတင်းများထွက်ပေါ်ခဲ့သော်လည်း မန်ယူအသင်းက ပီအက်စ်ဂျီအသင်းမှ ကွင်းလယ်ကစားသမား အူဂါတေးကိုခေါ်ယူခဲ့သည့်အတွက် ရာဘီယော့နှင့် မန်ယူအသင်းတို့၏ အပြောင်းအရွှေ့သတင်းများလည်း ပျက်ပြယ်ခဲ့ရသည်။

လက်ရှိတွင် ဥရောပထိပ်တန်းလိဂ်ငါးခုသည် အပြောင်းအရွှေ့ကာလပြီးဆုံးခဲ့သော်လည်း တူကီယဲလိဂ်နှင့် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတို့တွင် အပြောင်းအရွှေ့ကာလမပြီးဆုံးသေးသည့်အတွက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ရာဘီယော့ကို ဆော်ဒီထိပ်တန်းအသင်းကြီးများဖြစ်သော အယ်နာဆာအသင်း၊ အယ်အီတီဟတ်အသင်းနှင့် တူကီယဲထိပ်သီးအသင်းကြီးတစ်သင်းဖြစ်သည့် ဂါလာတာဆာရေးအသင်းတို့က ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သိရသည်။

*Ref;Fabrizio Romano*

# စပိန်အသင်းကစားသမားစာရင်းမှ နုတ်ထွက်ပြီး ဘာစီလိုနာအသင်းနှင့် အိုလ်မို ပြန်လည်ပူးပေါင်း

မက်ဒရစ် စက်တင်ဘာ ၉

စပိန်အသင်းနှင့် ဘာစီလိုနာအသင်း အဓိကကွင်းလယ်ကစားသမားအိုလ်မိုသည် အသေးစားခြေထောက်ဒဏ်ရာကြောင့် ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲဝင် စပိန်အသင်းကစားသမားစာရင်းမှနုတ်ထွက်ပြီး ဘာစီလိုနာအသင်းနှင့် ပြန်လည်ပူးပေါင်းခဲ့ကြောင်း သိရသည်။

အိုလ်မိုသည် ပြီးခဲ့သည့်ယူရို ၂၀၂၄ ပြိုင်ပွဲ၌ စပိန်အသင်းချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ်ပါဝင်ပြီးနောက် လက်ရှိဥရောပနေးရှင်းလိဂ်ပြိုင်ပွဲတွင် အဓိကကစားသမားအဖြစ် ပါဝင်လာခဲ့သော်လည်း ပြီးခဲ့သည့် စပိန်အသင်းနှင့်ဆားဘီးယားအသင်းတို့ပွဲစဉ်တွင် အသေးစားခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းက အိုလ်မို၏ဒဏ်ရာမှာ ပြင်းထန်မှုမရှိသော်လည်း ၎င်းကို အရဲစွန့်အသုံးပြုလိုခြင်းမရှိသည့်အတွက် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အိုလ်မို၏ဒဏ်ရာမှာ ပြင်းထန်မှုမရှိသော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် ရက်သတ္တအနည်းငယ် အနားယူရဖွယ်ရှိနေသည့်အတွက် လာမည့်ဂီရိုနာအသင်းနှင့် စပိန်လာလီဂါပွဲစဉ်ကို လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

*Ref;ESPN*

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ် သင်တန်းအမှတ်စဉ် (၃/၂၀၂၄) သင်တန်းဖွင့်ပွဲကျင်းပ



နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်ကျင်းပမည့်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင်မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ် သင်တန်းအမှတ်စဉ် (၃/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင်နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံးအဆောက်အအုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြုန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို သင်ကြားပြသပေးမည်ဖြစ်ပြီး နည်းပြဆရာဖြစ်သင်တန်းသို့ တက်ရောက်ခြင်းအားဖြင့် မဲပေးစက်နှင့်စပ်လျဉ်း၍ သိရှိတတ်ကျွမ်းကာ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများကို ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချချိန်တွင် ကျွမ်းကျွမ်းကျင်ကျင် ညွှန်ကြားပြသနိုင်မည်ဖြစ်၍ ရွေးကောက်ပွဲတွင်လည်း မဲပေးစက်ဖြင့် မဲပေးခြင်းကို ကောင်းမွန်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ ရွေးကောက်ပွဲတွင် မဲပေးဆောင်ရွက်ခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများသည် လွယ်ကူလျင်မြန်စွာဖြင့် သက်သောင့်သက်သာမဲပေးနိုင်မည်ဖြစ်ပြီး မဲရလဒ်များကိုလည်း တိတိကျကျမှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ရရှိနိုင်မည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ သင်တန်းသား ၂၃ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာလ ၉ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# စစ်ကိုင်းမြို့နှင့် မန္တလေးမြို့တို့မှာ ဖမ်းဆီးခံရသော လူငယ်များကို ခိုလမ်နှင့် နမ့်စန်မြို့တို့သို့ ပို့ဆောင်လျက်ရှိကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် စက်တင်ဘာ ၉

စစ်ကိုင်းမြို့နှင့်မန္တလေးမြို့တို့၌ စစ်မှုထမ်းဆောင်ရန်အတွက် ဖမ်းဆီးခံရသော လူငယ်များကို ခိုလမ်နှင့် နမ့်စန်မြို့တို့သို့ ပို့ဆောင်လျက်ရှိကြောင်း သတင်းတု၊ သတင်းအမှားအား တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ အဆိုပါမြို့များမှ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ စစ်မှုထမ်းဆောင်ရန်အတွက် ပေါ်တာဆွဲဖမ်းဆီးမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်နေသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းနှင့် လှည့်ကင်းပတ်ကင်းများကို တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း၊ စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက မြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ ဓာတ်ပုံအဟောင်းများကို အသုံးပြု၍ အခြေအမြစ်မရှိသည့် သတင်းအမှားများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




(၁၀၀)

မြန်မာနိုင်ငံကြက်ခြေနီအသင်း
Myanmar Red Cross Society

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့
WORLD FIRST AID DAY

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်။

"အားကစားအတွက် အမြဲကူညီ
ရှေးဦးပြုစုခြင်း အသင့်ရှိသည်"

First Aid and Sports
Ready, Set, Respond

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Yeko" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်နေ ဇော်သဲ(ခ)ရဲကိုအား နေ့လယ် ၁၂ နာရီတွင်လည်းကောင်း၊ "@aunglay 12314" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ သာယာမွန်ကျေးရွာနေ အောင်ဝေလင်းအား ည ၈ နာရီ ၂၀ မိနစ်တွင် လည်းကောင်း၊ "Thein Oo Kyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်နေ သိန်းဦးကြည်အား ည ၉ နာရီ ၅၀ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။


ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



စစ်ကိုင်းတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် စက်တင်ဘာ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **စက်တင်ဘာလ ၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၃၅၀၀၀၀၀) နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Tractor Head (၂)စီးနှင့် နောက်တွဲယာဉ်(၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၉ ရက်**တွင် ကယားပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လွိုင်ကော်မြို့၊ လောဓမ္မရပ်ကွက်၌ လိုင်စင်မဲ့ Nissan Diesel Truck (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **စက်တင်ဘာလ ၉ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Prado မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့ပြင် **စက်တင်ဘာလ ၉ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ် အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း(၄)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **စက်တင်ဘာလ ၉ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာယာဝတီမြို့၊ မီးနင်းချောင်းဂိတ်အနီး၌ ရန်ကုန်မြို့မှ ညောင်ဦးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၈၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၅၂၈၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာလ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၆၇၈၀၀၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

# အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ် နိုင်




နေပြည်တော် စက်တင်ဘာ ၉

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကမ်းခြေကို ပူရီမြို့အနီးမှ ဖြတ်ကျော်ခဲ့သော အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဩရိဿပြည်နယ်ကုန်းတွင်းပိုင်းဒေသများသို့ ဆက်လက်ဖြတ်ကျော်လျက်ရှိသည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၁၂ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားနိုင်ကာ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး အိန္ဒိယနိုင်ငံ ချက်တစ်ဂတ်ပြည်နယ်သို့ ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါအားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ ၁၂-၉-၂၀၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**


SIN MINN
အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
ISO 9001
BUREAU VERITAS Certification
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
ASTM.C150 TYPE II (32.5)
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
A.I.B.A
GOLD 2019


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - ခရေပင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
RHINO PORTLAND CEMENT


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ ။
ရုံးချုပ် – အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၃၁၀၀ ၁၅၃၆
Myanmar MOBILE MONEY
Buy
BILL PAY

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို ကျင့်သုံးရာတွင် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ဖက်ဒရယ်ဟူသည့်စကားရပ်ကို သိရှိရန်လိုပြီး ဖက်ဒရယ်ဟူသည်မှာ လုပ်ကိုင်ခွင့်များကို တာဝန်ခွဲဝေပေးခြင်းဖြစ်ပြီး ပေါင်းစည်းခြင်း၊ သဟဇာတဖြစ်ခြင်းပင်ဖြစ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၉**

၂၀၂၄ ခုနှစ်၊ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင်နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် **စာမျက်နှာ ၁၇ ကော်လံ ၁ ⏭**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပထမဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနကိုယ်စားပြု အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်စဉ်။

ဆောင်းပါး လူငယ်တို့အတွက် မွန်မြတ်လှသည့် နိုင်ငံတော်ကာကွယ်ရေးတာဝန် စာ-၁၃ သို့

